မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၂၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနားမြို့ နောင်နန်း ကျေးရွာရှိ ဦးကရိုင်လဆန်၏ ရော်ဘာခြံတွင် ရော်ဘာစေးမှ ရော်ဘာပြားပြုလုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

မြစ်ကြီးနားမြို့၌ ရော်ဘာစိုက်ခင်းနှင့် ဗလမင်းထင်တံတားတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၈ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာရှိ ဦးကရိုင်လဆန်၏ ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ကို မှာကြားကာ ရော်ဘာစေးမှ ရော်ဘာပြားပြုလုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗလမင်းထင်တံတားသို့ ရောက်ရှိစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၅)မှ အင်ဂျင်နီယာမှူးက Stand Pipe အားဖြည့်တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက မြစ်ကြမ်းပြင်ပြောင်းလဲမှု၊ ရေကြောင်းပြောင်းလဲမှုတို့ကို အမြဲတိုင်းတာ၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ လမ်း၊ တံတား၊ နေအိမ်များဖြင့် သစ်လွင်ဝေစည်နေ

➢ သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
➢ ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
➢ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

ဖျာပုံမြို့နယ်အတွင်း မြင်ကွင်းများကား အရာရာဆန်းသစ်နေသည်။ ပြုပြင်တည်ဆောက်ပြီးသော ကျေးရွာနေအိမ်များ၊ ရွာချင်းဆက်လမ်းများ၊ တံတားများနှင့် စာသင်ကျောင်းများက ကျေးရွာတိုင်းတွင် အသွင်သစ်ဖြင့် ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ရှင်းပြ

"ဖျာပုံမြို့နယ်အတွင်းမှာတော့ မုန်တိုင်းဒဏ်ခံရတဲ့ ကျေးရွာတွေမှာ နေအိမ်ပြန်လည်တည်ဆောက်မှုတွေ ပြီးစီးခဲ့ပါပြီ။ ကမ်းပတ်တာတွေအနေနဲ့ ဖျာပုံ-အမာမြို့ကိုသွားတဲ့ ကားလမ်း၊ မြို့ကုန်းကျွန်းပတ်တာ၊ ဒေါငြိမ်းကျေးရွာနဲ့ ဆိတ်မကျေးရွာ ကျွန်းပတ်တာတွေလည်း ဖောက်လုပ်ပေးထားပါတယ်။ ကျေးလက်ကျန်းမာရေး ဆေးခန်းတွေကတော့ ရာနှုန်းပြည့် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဖျာပုံမြို့ပေါ်မှာလည်း တိုးချဲ့ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်နေတာ ပြီးစီးတော့မှာ ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ထင်က မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

ဖျာပုံခရိုင်အတွင်း လိပ်ချောင်းကျေးရွာ ပြန်လည် တည်ဆောက်ထားမှုကလည်း ဤသို့ သပ်ရပ်လှပနေသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၄ ရက်)

ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ထွန်းကားရေးကြိုးပမ်း ပြည်သူများ၏အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်

နေပြည်တော်ရှိ တရားရုံးချုပ်အစည်းအဝေးခန်းမ၌ တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၁၂ရက်နေ့ကကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

တရားရုံးများသည် ပြည့်မျက်စိ၊ ပြည့်မျက်လုံးများဖြစ်၍ ပြည်သူများ၏ဘဝကို မှန်မှန်ကန်ကန်မြင်ရန်၊ စာနာရန်၊ ပြည်သူများ၏ ဘဝရုပ်သွင်ကို ပီပီပြင်ပြင်ဖြစ်ရန်၊ ထင်ဟပ်နိုင်ရန် လိုအပ်ပေသည်။

ခေတ်စနစ်ကို အရှိန်အဟုန်ရှိရှိ ပြောင်းလဲနေချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ တရားစီရင်ရေးစနစ်ကိုလည်း ပြည်သူများ အားကိုးယုံကြည်သောစနစ် ဖြစ်လာစေရန် ပြုပြင်ထူထောင်သွားကြရမည် ဖြစ်သည်။

တရားရေးနှင့်နီးနွယ်ဆက်စပ်သည့် တာဝန်ရှိသူများအနေဖြင့် ခေတ်ကိုမျှော်ကြည့်ပြီး ဒီမိုကရေစီလူနေမှုဘဝနှင့်ကိုက်ညီသည့် အလေ့အထကောင်းသည့် တရားစီရင်ရေးစနစ်ကို ဝိုင်းဝန်းကြိုးပမ်း ထူထောင်ကြရမည် ဖြစ်သည်။

တရားရုံးက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှုကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်ဖြစ်ရန်နှင့် မေတ္တာဖြင့်ယှဉ်သော သွန်သင်ဆုံးမမှု၊ ပညာပေးမှုမျိုးဖြစ်ရန် အမြဲဂရုပြုနေကြရမည် ဖြစ်သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းခိုင်မြဲရန် ဆောင်ရွက်သည့်နေရာတွင် တရားရေးကဏ္ဍက မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း စသည့် လောကပါလတရားများကို လက်ကိုင်ထားပြီး သိက္ခာ၊ သမာဓိနှင့် ကျင့်ဝတ်များကို အစဉ်အမြဲစောင့်ထိန်းကာ တရားရေးမဏ္ဍိုင် မယိမ်းယိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

တရားရုံးများသည် လူ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ နစ်နာမှု၊ ဆုံးရှုံးမှုများကို ဖြေရှင်းကုသပေးရသည့် နေရာတစ်ခုဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလိုခြင်း၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း စသည့်ဘေးအန္တရာယ်များကို ဟန့်တား တားဆီးပေးသွားရမည် ဖြစ်သည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တရားရေးဝန်ထမ်းများသည် နိုင်ငံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ထွန်းကားရန်နှင့် ပြည်သူ့အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးပြီး အမြန်ဆုံးတရားစီရင်ခြင်းဖြင့် အမှန်ဆုံးတရားစီရင်ရေးကို အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗန်းမော် အထက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

ဗန်းမော် မေ ၁၃

ဗန်းမော်မြို့အထက(၂)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာလကမ္ဘာ့ဆရာများနေ့တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲကျင်းပနိုင်ရန်အတွက် အမှုဆောင်ကော်မတီဖွဲ့စည်းပြီး၍ လှူဒါန်းငွေများကို မေ ၂ ရက်မှ စတင်လှူဒါန်းနိုင်ကြောင်း ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများနှင့် အငြိမ်းစားဆရာ ဆရာမကြီးများ အချိန်မီဆက်သွယ်နိုင်ကြရန် နှိုးဆော်ထားသည်။

လှူဒါန်းလိုသူများ မန္တလေးတွင် ဦးမျိုးချစ် (သချာ် တွဲဖက်ပါမောက္ခ) ဖုန်း-၀၉-၉၀-၅၈၅၄၉၊ မြစ်ကြီးနားတွင် ဦးသိန်းဝင်း (ပြည်နယ်ဆက်သွယ်ရေး) ဖုန်း-၀၇၄-၂၀၆၇၁၊ ၂၂၉၈၄၊ ဦးပီတာဒွဲလ ဖုန်း-၂၂၄၉၀၊ ဦးလဗျနော် ဖုန်း-၂၂၁၄၀၊၀၉-၉၀-၄၆၂၂၉၊ ဗန်းမော်တွင် ဦးစင်ယူတန်ဂွန်း (အထက-၂ ကျောင်းအုပ်ကြီး) ဖုန်း-၀၇၄-၅၀၂၇၈၊ ဦးချစ်ကို ဖုန်း-၀၇၄-၅၀၇၃၀၊ ဦးအောင်ဝင်း ဖုန်း-၀၇၄-၅၀၈၄၇၊ ဒေါ်နီနီကြည် ဖုန်း-၀၇၄-၅၀၇၄၅၊ ဦးမျိုးဝင်း ဖုန်း-၀၇၄-၅၀၂၀၅ နှင့် ဦးဝင်းမြင့် ဖုန်း-၀၇၄-၅၀၁၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၈)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၈)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျန်ကျောင်း** (အပိုင်း-၈)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကော့သောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၁၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၉ ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်း ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး Bio Battery ဖြင့် လျှပ်စစ်မီးရရှိမှုနှင့် ကျေးရွာများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ရေလုပ်ငန်းရှင်များအားတွေ့ဆုံပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် ရေသယံဇာတထိန်းသိမ်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးတင်ပြသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကော့သောင်းမြို့ (၇)မိုင်ကျေးရွာရှိ တိုးတက်အောင် ဘက်စုံစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းလီမိတက်၌ Bio Gas ထုတ်လုပ်၍ ကုဗမီတာ ၁၀၀၀ ဓာတ်ငွေ့လှောင်ကန်ကို အသုံးပြုကာ KVA 200 မီးစက်လည်ပတ်နိုင်မှု အခြေအနေနှင့် Bio Gas ထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် မေ ၁၀ ရက် နံနက်ပိုင်းက ကော့သောင်းမြို့(၉)မိုင်ရှိ ငွေတိုးစံဘက်စုံမွေးမြူရေးခြံ၌ Bio Gas စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကော့သောင်းမြို့နယ် ချန်းဖန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျေးရွာနေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘန်းကချွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ Bio Battery ဖြင့် လျှပ်စစ်မီးအလင်းရရှိမှုနှင့် ကျေးရွာအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ခမောက်ကြီးမြို့မှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအားလည်းကောင်း၊ ယုဇနဆီအုန်းစိုက်ပျိုးရေးစခန်း အစည်းအဝေးခန်းမ၌ မာရမ်းကျေးရွာနှင့် ဆိတ်ဖူးကျေးရွာများမှ ပြည်သူများအားလည်းကောင်း တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်များ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ညနေပိုင်းတွင် ယုဇနကုမ္ပဏီ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်း၏ ဆိပ်ခံဗောတံတား တည်ဆောက်မည့်အခြေအနေ၊ ဆီအုန်းစိုက်ပျိုးရေးခြံအတွင်း ဝတ်မှုန်ကူးနည်းဖြင့် ဆီအုန်းခိုင်များ ပိုမိုထွက်ရှိမှုအခြေအနေနှင့် ယုဇနဆီအုန်း ဆီကြမ်းကြိတ်စက်ရုံ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း တာမွေမြို့နယ်၌ ဖွင့်

ရန်ကုန် မေ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲကို မေ ၁၁ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်၊ တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ယင်းသင်တန်းသို့ သင်တန်းသား ၅၅ ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

14-5 (02).pmd 1 5/14/2009, 3:36 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် ရွှေမဟာသီရိခန်းမ၌ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်(၄)ရပ်ကွက်နှင့် ထီးဆောင်း၊ ညောင်ရင်း၊ ပုလဲတန်၊ မူးမန္တလေး၊ ဝမ်းပြည့်၊ ပဲကူ ကျေးရွာအုပ်စုတို့မှ ဒေသခံ ပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပစ္စုပ္ပန်ကာလ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာ

အနာဂတ်တွင် ပစ္စုပ္ပန်ကဲ့သို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေး အာမခံနိုင်သည့်အခြေအနေမျိုးရရှိအောင် အသိတရားနှင့်ယှဉ်ကာ သတိတရားနှင့်ပေါင်းစပ်၍ စဉ်းစားဆင်ခြင်ဆောင်ရွက်ရန် အထူးအရေးကြီး

နေပြည်တော် မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁၂ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် ရွှေမဟာသီရိခန်းမ၌ကျင်းပသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ အခမ်းအနားသို့ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမှတ်(၁၊၂၊၃၊၄) မြို့ပေါ် (၄)ရပ်ကွက်နှင့် ထီးဆောင်း၊ ညောင်ရင်း၊ ပုလဲတန်၊ မူးမန္တလေး၊ ဝမ်းပြည့်၊ ပဲကူ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူ ၂၁၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ဆွေးနွေး ပြောကြားသည်။

ထိန်းသိမ်းတည်ဆောက်

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယနေ့နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်အားလုံးနီးပါး တည်ဆောက်အခြေ တည်ပြီးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိပြီးသားတည် ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ထိန်းသိမ်းတည်ဆောက်သွားကြရန်မှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဤသို့ ဆက်လက်ထိန်းသိမ်းတည်ဆောက်သွားကြရာတွင် ပြည်သူများအနေဖြင့် ခါးသီးစွာ ကြုံတွေ့ခံစားခဲ့ကြရသည့် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အတိတ်သမိုင်းဖြစ်ရပ်များအပေါ် မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်သင်ခန်းစာရယူလျက် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပစ္စုပ္ပန်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကိုလေ့လာပြီး အသိတရားနှင့်ယှဉ်ကာ သတိတရားနှင့်ပေါင်းစပ်၍ အနာဂတ်တွင် ပစ္စုပ္ပန်ကာလကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်ရရှိရေးအတွက် အာမခံနိုင်သည့် အခြေအနေမျိုးရရှိအောင် စဉ်းစားဆင်ခြင် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ အိမ်သုံးလျှပ်စစ်မီးအတွက် ဇီဝဘက်ထရီပြုလုပ်သုံးစွဲနည်း အဆင့်ဆင့်ကို မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက အသေးစိတ် ရှင်းလင်းပြသသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပဲကူကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ်ရှစ်သိန်းကိုလည်းကောင်း၊ မူးမန္တလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်ရှစ်သိန်းကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၃၀၀ကိုလည်းကောင်း၊ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ဦးစိုးနိုင်က ညောင်ရင်းကျေးရွာစက်ရေတွင်း တူးဖော်ရန်အတွက် အလှူငွေ ကျပ်သိန်း၂၀ကိုလည်းကောင်း၊ မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးရွာများအတွက် ဇီဝဘက်ထရီများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

လိုက်လံနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် ရွှေမဟာသီရိခန်းမ၌ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် (၄)ရပ်ကွက်နှင့် ထီးဆောင်း၊ ညောင်ရင်း၊ ပုလဲတန်၊ မူးမန္တလေး၊ ဝမ်းပြည့်၊ ပဲကူ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယနေ့နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်အားလုံးနီးပါး တည်ဆောက် အခြေတည်ပြီးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိပြီးသား တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ထိန်းသိမ်းတည်ဆောက်သွားကြရန်မှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ကြောင်း။

14-5 (03).pmd 1 5/14/2009, 3:36 AM

ကမ္ဘာတစ်ဝန်း A/H_1N_1 တုပ်ကွေးဖြစ်သူ ၄၆၅၇ ဦးရှိလာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြ

ဂျီနီဗာ မေ ၁၃

နိုင်ငံပေါင်း ၂၉ နိုင်ငံ၏ မေ ၁၀ ရက်က တရားဝင်ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးတွင် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၆၅၇ ဦးအထိ တိုးလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ နောက်ဆုံးအစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

A/H_1N_1 တုပ်ကွေးရောဂါ စတင်ဖြစ်ပွားရာ မက္ကဆီကိုနိုင်ငံက ထိုရောဂါဖြင့် သေဆုံးသူ ၄၅ဦးအပါအဝင် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၆၂၆ဦး၊ အမေရိကန်နိုင်ငံက ထိုရောဂါဖြင့် သေဆုံးသူ သုံးဦးအပါအဝင် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၂၅၃၂ ဦးရှိသည်ဟု သတင်းရရှိသည်။

အတည်ပြု

ကနေဒါနိုင်ငံ၌ ထိုရောဂါဖြင့်သေဆုံးသူတစ်ဦး အပါအဝင် ရောဂါဖြစ်သူ ၂၈၀ ရှိပြီး ကော်စတာရီကာနိုင်ငံ၌ ထိုရောဂါဖြင့် သေဆုံးသူတစ်ဦး အပါအဝင် ရောဂါဖြစ်ပွားသူ ရှစ်ဦးရှိကြောင်း အတည်ပြုကြေညာသည်။

နိုင်ငံအလိုက် A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူများမှာ အာဂျင်တီးနား၌ တစ်ဦး၊ ဩစတြေးလျ၌ တစ်ဦး၊ ဩစတြီးယား၌ တစ်ဦး၊ ဘရာဇီး၌ ခြောက်ဦး၊ တရုတ်ပိုင် ဟောင်ကောင်၌ တစ်ဦး၊ ကိုလံဘီယာ၌ တစ်ဦး၊ ဒိန်းမတ်၌ တစ်ဦး၊ အယ်ဆာဗေဒို၌ နှစ်ဦး၊ ပြင်သစ်၌ ၁၂ဦး၊ ဂျာမနီ၌ ၁၁ဦး၊ ဂွာတီမာလာ၌ တစ်ဦး၊ အိုင်ယာလန်၌ တစ်ဦး၊ အစ္စရေး၌ ခုနစ်ဦး၊ အီတလီ၌ ကိုးဦး၊ ဂျပန်၌ လေးဦး၊ နယ်သာလန်၌ သုံးဦး၊ စပိန်၌ ၉၃ဦး၊ ဆွီဒင်၌ တစ်ဦး၊ ဆွစ်ဇာလန်၌ တစ်ဦးနှင့် ဗြိတိန်၌ ၃၉ဦး အသီးသီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကျင်းပသည့် ၂၀၀၉ခုနှစ် မော်တော်ကားပြပွဲတွင် ပါဝင်ပြသထားသည့် ပြိုင်ကားတစ်စီးကို မေ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်အတိုက်အခံ ဒီပီဂျေဥက္ကဋ္ဌ နုတ်ထွက်ကြောင်း ကြေညာ

တိုကျို မေ ၁၃

ဂျပန်နိုင်ငံမှ အတိုက်အခံ ဒီမိုကရက်တစ်ပါတီ(ဒီပီဂျေ)အနေဖြင့် နိုင်ငံရေးအရ မတည်စုဆောင်းထားသည့် ငွေအရှုပ်တော်ပုံကြောင့် ယခုနှစ်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရမည့် အခွင့်အရေးနည်းပါးနိုင်မည်ဖြစ်ရာ ဒီပီဂျေဥက္ကဋ္ဌဖြစ်သူ အီချီရိုဩဇာဝါက ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ကြောင်း မေ ၁၁ရက်တွင် ကြေညာသည်။

ဂုဏ်သိက္ခာထိခိုက်

၄င်းပါတီ၏ ထိပ်တန်းအတွင်းရေးမှူးသည် နိုင်ငံရေးနှင့် ပတ်သက်သည့် ရန်ပုံငွေအရှုပ်တော်ပုံကြောင့် စွဲချက်တင်ခံရပြီးနောက် ဘိုဇာဝါအနေဖြင့် ဒီပီဂျေပါတီတွင်းနှင့် ပြည်သူများ၏ ဖိအားပေးမှု ဒဏ်ခံခဲ့ရပြီး ဂုဏ်သိက္ခာလည်းထိခိုက်ခံခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြောကြား

လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် ပါတီ၏ ညီညွတ်ရေး ခိုင်မာစေရန် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ရန် မိမိဆုံးဖြတ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရေးကိစ္စသည် အရေးပါပြီး ယင်းအတွက် အဟန့်အတား မဖြစ်စေလိုကြောင်း ၄င်းက သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုင်း၌ A/H_1N_1 တုပ်ကွေး ကူးစက်မှုတွေ့ရှိ

ဗန်ကောက် မေ ၁၃

ထိုင်းနိုင်ငံ၌ A/H_1N_1 တုပ်ကွေးရောဂါ ဖြစ်ပွားသူ ပထမဆုံးအကြိမ်အဖြစ် နှစ်ဦးရှိကြောင်း၊ ရောဂါဖြစ်ပွားသူများသည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီ ဖြစ်သကဲ့သို့ အခြားသောသူများအားလည်း ရောဂါကူးစက်ပျံ့နှံ့ခြင်းမရှိကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးက မေ ၁၂ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါရောဂါကူးစက်ခံရသူ နှစ်ဦးမှာ မက္ကဆီကိုမှ ပြန်လာကြသူများဖြစ်ကြောင်း၊ မေ၉ရက်မှ စတင်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတို့၏ သွေးနမူနာများကို အမေရိကန်ရောဂါထိန်းချုပ်ရေးဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားနေသူဖြစ်သည်ကိုတွေ့ရကြောင်း ကျန်းမာရေးဝန်ကြီး ဝီသာယာကေးပါရာဒိုင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုဂါဒစ်ရှူးမြို့တွင်း တိုက်ပွဲပြင်းထန် ၁၁၃ဦးသေဆုံး အရပ်သား ၂၇၀၀၀ကျော်အိုးအိမ်စွန့်ခွာ

မိုဂါဒစ်ရှူး မေ ၁၃

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ ပြီးခဲ့သည့် သုံးရက်အတွင်း တိုက်ပွဲများဖြစ်ပွားစဉ် အနည်းဆုံးအရပ်သား ၁၁၃ဦး သေဆုံးပြီး ၃၄၅ဦး ဒဏ်ရာရရှိကြောင်း အီးအိတ်ချ်အာရ်အို လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

ဆိုမာလီသူပုန်များနှင့် အစိုးရလိုလားသည့် အင်အားစုများအကြား တိုက်ပွဲများ ဖြစ်ပွားသည့်အတွက် ပြည်သူ၂၇၀၀၀ကျော်တို့ အိုးအိမ်စွန့်ပစ်ထွက်ပြေးခဲ့ကြရသည်ဟု ထိုအဖွဲ့က မေ၁၂ရက်တွင် ပြောကြားလိုက်သည်။

မေ၁၂ရက် တစ်နေ့တည်းမှာပင် ထွက်ပြေးသူ အရပ်သား၁၀၀၀၀ရှိသည်ဟု ထိုအဖွဲ့မှ အလီရှိတ်ယာစင်က ပြောကြားသည်။ (အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဂိုယမ်မြို့ရှိ အိုင်လန်ပန်းခြံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သစ်ခွပန်းပြပွဲကို မေ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ပြည်နယ် ၄၄ခု၌ A/H_1N_1 တုပ်ကွေးဖြစ်သူ ၂၅၃၂ဦးအထိ တိုးလာ

ဝါရှင်တန် မေ ၁၃

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် ၄၄ခုတွင် A/H_1N_1 တုပ်ကွေးရောဂါဖြင့် သေဆုံးသူသုံးဦး အပါအဝင် ရောဂါဖြစ်ပွားသူပေါင်း ၂၅၃၂ဦးအထိ တိုးပွားလာကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(စီဒီစီ)က မေ၁၀ရက်တွင် ကြေညာသည်။

ဖြစ်ပွား

စီဒီစီ၏ ကြေညာချက်အရ A/H_1N_1 တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၄၆၆ဦးဖြင့် အီလီနွိုက်ပြည်နယ်တွင် ရောဂါအများဆုံးဖြစ်ပွားပြီး ဝစ္စကွန်ဆင်ပြည်နယ်၌ ၃၅၇ဦး၊ ကယ်လီဖိုးနီးယားပြည်နယ်၌ ၂၈၂ဦး၊ နယူးယောက်ပြည်နယ်၌ လူ၁၉၀၊ အရီဇိုးနားပြည်နယ်၌ ၁၈၂ဦး ရောဂါဖြစ်ပွားလျက်ရှိသည်။

ပျံ့နှံ့

ဤရောဂါသည် ပြည်နယ် ၅၀သို့ ပျံ့နှံ့သွားပြီး အသေအပျောက် နောက်ထပ်ရှိနိုင်သည်ဟု ကျွမ်းကျင်သူများက တွက်ဆထားသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကန်တပ်ဖွဲ့ဝင်ငါးဦး ထပ်မံသေဆုံး အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၉၂ ဦးရှိပြီ

ဘဂ္ဂဒက် မေ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်တပ်စခန်းတစ်ခုတွင် မေ ၁၁ရက်က အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ပစ်သတ်ခံလိုက်ရကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ အမေရိကန် တပ်ကြပ်ကြီးတစ်ဦးက ပဋိပက္ခဖြစ်ပွားပြီးနောက် အခြားသော အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးအား သေနတ်ဖြင့် ပစ်သတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းသို့ ပစ်သတ်ခြင်းကြောင့် ခြောက်နှစ်ကျော်ကြာ အီရတ်စစ်ပွဲအတွင်း တိုက်ခိုက်ရေး တာဝန်ယူရသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိတ်ဖိစီးမှုနှင့်ဆိုင်သည့် ကိစ္စများကို ပိုမိုဂရုပြု အာရုံစိုက်လာစေသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်စခန်းရှိ လစ်ဘာတီစခန်း၌ မေ ၁၁ရက် မွန်းလွဲ ၂နာရီက အခင်းဖြစ်ပွားပြီး ထိုတပ်ကြပ်ကြီးကို ထိန်းချုပ်ထားလိုက်သည်။

ထည့်သွင်းပြောကြား

ဤသတင်းကြားရသည့်အတွက် မိမိများစွာ တုန်လှုပ်ဝမ်းနည်းမိကြောင်း၊ အမေရိကန်သမ္မတ အိုဘားမားက ပြောကြားလိုက်ပြီး ဤဝမ်းနည်းဖွယ် အဖြစ်ဆိုးတွင် ပါဝင်သူများ၏ မိသားစုဝင်များနှင့် မိတ်သင်္ဂဟများကို မိမိစာနာမိကြောင်း ထည့်သွင်းပြောကြားသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့်တပ်များ၊ အီရတ်ကိုကျူးကျော်ပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၉၂ဦးရှိသွားပြီဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ကီလိုမီတာ ၂၉၀အကွာရှိ ကယ်ကွတ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်လျက်ရှိသည်ကို မေ ၁၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လန်ဒန်မျှော်စင်မှ ဓာတ်လှေကားကြိုးပြတ်ကျ ခြောက်ဦးထိခိုက် ဒဏ်ရာရရှိ

လန်ဒန် မေ ၁၃

လန်ဒန်မြို့တော်ရှိ ဝိတိုရိယအဆောက်အအုံရှိ မျှော်စင်ဓာတ်လှေကား ကြိုးပြတ်ကျမှုကြောင့် ခြောက်ဦး ဒဏ်ရာရရှိပြီးနောက် လန်ဒန်မျှော်စင်တံတားကြီး၏ အသွားအလာကို မေ ၁၁ရက်က ပိတ်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ ခြေထောက်တွင် ဒဏ်ရာရရှိသဖြင့် အနီးအပါးရှိ ဆေးရုံသို့ ခေါ်ဆောင်သွားသည်ဟု လန်ဒန်လူနာတင် မော်တော်ယာဉ်ဌာနက ပြောကြားသည်။ လူအားလုံး သတိကင်းလွတ်မှုမရှိဟု သိရသည်။

လူအများ ဓာတ်လှေကားအတွင်း ပိတ်မိနေသည်ဟု အကြောင်းကြားကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုအခါ လူအားလုံး ဓာတ်လှေကားမှ အပြင်သို့ ထွက်နိုင်ခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ ခရီးသည်များ လာရောက်သည့်နေရာတွင် ဓာတ်လှေကား ကြိုးပြတ်သွားသည်ဟု စကိုင်းသတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

မက္ကဆီကိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေ ဝက်တုပ်ကွေးရောဂါကြောင့် ဒေါ်လာလေးဘီလီယံနှစ်နာ

မက္ကဆီကိုစီးတီး မေ ၁၃

ပြည်ပခရီးသည်များက မက္ကဆီကိုနိုင်ငံရှိ နာမည်ကျော် အပန်းဖြေကမ်းခြေများနှင့် မြို့များသို့ သွားရောက်ရန် ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသွားလုပ်ငန်းဌာနမှ ဝင်ငွေအမေရိကန်ဒေါ်လာ လေးဘီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခရီးသွားလုပ်ငန်းမှ ဝန်ကြီး ကယ်လီဇန်ဒိုက မေ ၁၁ရက်တွင် ပြောကြားသည်။

ကူးစက်ပျံ့နှံ့

မက္ကဆီကိုနိုင်ငံသည် ဝက်တုပ်ကွေးရောဂါဖြစ်ပွားရာ ဗဟိုချက်နိုင်ငံဖြစ်ပြီး အခြားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ခရီးသွားလုပ်ငန်းသည် မက္ကဆီကိုနိုင်ငံ၏ အဓိကဝင်ငွေရှာပေးသည့် ကဏ္ဍဖြစ်သည်။

ယင်းခရီးသွား ဈေးကွက်သည် ဒီဇင်ဘာလတွင် ပြန်လည်နာလန်ထူလာနိုင်သည်ဟု အယ်လီဇန်ဒိုက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှာင်မြို့ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီတိုးချဲ့စိုက်ပျိုးရေးခြံ၌ ကော်ဖီပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ကြီးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၁ရက် နံနက်ပိုင်းက ရွှေညောင်မြို့နယ် သနတ်ခါးကျေးရွာနေ တောင်သူဦးသူရစောသိန်း၏ နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားများ စနစ်တကျမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဟဲဟိုးမြို့ ပြည်သူ့ဆေးရုံ၌ လူနာများအား အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများကိုပေးအပ်ကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နမ့်ပန်တက်-ကလော-တောင်ကြီးလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုက်နယ်ဆေးရုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှာင်မြို့နယ် မြိုင်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများကို ပေးအပ်၍ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးနှင့် ဆေးပဒေသာပင် ငွေများကို ပေးအပ်လှူဒါန်းသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မြိုင်ကျေးရွာ မြသဇင်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရှာင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ အထူးကုဆရာဝန်များ ကွင်းဆင်းကုသနေမှုနှင့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြား၍ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။ ထို့နောက် ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဆေးဝါးများ ထောက်ပံ့ ပေးအပ်သည်။

ထုတ်လုပ်အသုံးပြု

ယင်းနောက် ရှာင်မြို့ ဗထူးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး အားကစားပစ္စည်းများနှင့် စာအုပ်စာစောင်များကို ပေးအပ်သည်။ ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီတိုးချဲ့ စိုက်ပျိုးရေးခြံ၌ ကော်ဖီစိုက်ခင်းနှင့် ကော်ဖီပျိုးပင်များ စိုက်ပျိုးထားရှိမှု ရွှေဝါမြေကုမ္ပဏီ၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးရေးခြံ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်ဓာတ်ပေါင်းအိုးဖြင့် လျှပ်စစ်မီးထုတ်လုပ်အသုံးပြုပုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတင်းရရှိ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ရွှေသံလွင် စိုက်ပျိုးရေးကုမ္ပဏီသို့ရောက်ရှိ၍ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မှာကြား

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် စိုက်ပျိုးရေးနည်းပညာများကို စနစ်တကျအသုံးပြု၍စိုက်ပျိုးထုတ်လုပ်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့်ကျေးရွာများ၌ ဆောင်ရွက်ခဲ့သော နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့များအား ဂုဏ်ပြုပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့ တက်ရောက်

ရန်ကုန် မေ ၁၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တို့သည် မေ ၁၁ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်း ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ငပုတော မြို့နယ်များရှိ လေဘေးသင့်ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါဂုဏ်ပြုပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ ၁၄ ဖွဲ့မှ အဖွဲ့ဝင် ၇၀ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ်ခုနစ်မြို့နယ်တွင် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ ၁၄ဖွဲ့မှ အဖွဲ့ဝင်များက ပြည်သူများရုပ်ပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များက ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာများ ပညာပေးခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မိသားစုတိုင်း တစ်ပိုင်တစ်နိုင်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးရန်ပညာပေးခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန်များက တိရစ္ဆာန်များ ရောဂါကာကွယ်ကုသခြင်း၊ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာများက စံပြကျေးရွာများတွင် ရှိသင့်သောအင်္ဂါရပ်များ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ပညာပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့မှုများအတွက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဦးစီးကာ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာများသို့ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များ စေလွှတ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ပညာပေးဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့တစ်ဖွဲ့လျှင် ဘွဲ့ရအဖွဲ့ဝင်တစ်ဦး၊ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာဘွဲ့ရတစ်ဦး၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးဘွဲ့ရတစ်ဦးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆရာဝန်တစ်ဦး စုစုပေါင်း အဖွဲ့ဝင် ငါးဦး ပါဝင်သော နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ ၁၄ဖွဲ့ ဖွဲ့စည်းကာ ဇန်နဝါရီ ၁၂ရက်မှ မေ ၂ရက်အထိ ကွင်းဆင်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများအားပြောကြားကာ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များအား ဂုဏ်ပြုစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ဝင်များကိုယ်စား ဖျာပုံမြို့နယ် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့(၁)မှအဖွဲ့ဝင် ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာထွဋ်မင်းဟန်က လေဘေးသင့်ဒေသများအတွင်း ကျေးလက်ဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သော ပညာပေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေက အဖွဲ့ဝင်များကိုယ်စား ဖျာပုံခရိုင်မှ ဦးလှဝင်းဗိုလ်အားလည်းကောင်း၊ ပဲခူးမြို့နယ် ထန်းတောကြီးတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်ဒေါက်တာသန့်ဇင်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ အဖွဲ့ဝင်များကိုယ်စား ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်အားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဖွဲ့ဝင်များကိုယ်စား ဝါးခယ်မမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး ဦးဇာနည်လင်းထွဋ်အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ကြူးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်များကိုယ်စား စည်ပင်သာယာရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသူရဟန်သို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မြို့တော်ခန်းမရှေ့တွင် ခင်းကျင်းပြသထားသော နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့များ၏ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုက ကျေးရွာတိုင်း မီးလင်းရေးအတွက် ဇီဝဘက်ထရီတပ်ဆင်အသုံးပြုမှုများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ဝင်များနှင့် ဧည့်သည်များအား ပုသိမ်ဟိုတယ်တွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

လမ်းညွှန်မှာကြားခဲ့

နိုင်ငံတော်အကြီးအကဲ၏ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှ ၃၀ရက်အထိ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည့် ခရီးစဉ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသများ၌ အသက်ရှည်ကျန်းမာ၍ အာဟာရရှိရှိ ချက်ပြုတ်စားသောက်တတ်အောင် တစ်ကိုယ်ရည်ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို နားလည်အောင်၊ မီးဖိုချောင်သီးနှံများ စနစ်တကျစိုက်ပျိုးတတ်အောင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဦးဆောင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှတာဝန်ရှိသူများပါဝင်သော နယ်လှည့်အဖွဲ့များဖွဲ့စည်း၍ ကျေးရွာကြီးများသို့အရောက် ရက်တိုသင်တန်းများသွားပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်ကို အများဆုံးခံစားခဲ့ရသော ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ငပုတောမြို့နယ်များသို့ ကျေးလက်ဖွံ့ဖြိုးရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်တစ်မြို့နယ်လျှင် အဖွဲ့နှစ်ဖွဲ့စီဖြင့် စုစုပေါင်း နယ်လှည့်အဖွဲ့ ၁၄ဖွဲ့ကို အဖွဲ့ဝင်အင်အား ၇၀ဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ဆောင်ရွက်နိုင်ခဲ့

နယ်လှည့်ကျေးလက်ပညာပေးအဖွဲ့များအား ဧရာဝတီတိုင်း ပုသိမ်မြို့တွင် ဇန်နဝါရီ ၉ရက်မှ ၁၁ရက်အထိ ရက်တိုသင်တန်းများပို့ချပေးကာ ဇန်နဝါရီ ၁၂ရက်မှစတင်၍ မြို့နယ်အလိုက် နယ်မြေတာဝန်ခံဝန်ကြီးများ၊ ဒေသအာဏာပိုင်များ၏ ကြီးကြပ်မှုဖြင့် လေဘေးဒဏ်ကို အများဆုံးခံစားခဲ့ရသော ကျေးလက်ဒေသများသို့ မေ ၂ရက်အထိ လေးလတာမျှ ကွင်းဆင်းသွားရောက်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ဆေးဝါးကုသပေးခြင်း၊ တိရစ္ဆာန်များအား ကာကွယ်ကုသပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းအတွင်း နယ်လှည့်ကျေးလက်ပညာပေးအဖွဲ့ ၁၄ဖွဲ့အနေဖြင့် မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၉၈၂ရွာမှ ကျေးလက်ပြည်သူ ၂၃၀၅၁၈ဦးအား ပညာပေးဟောပြောပွဲအကြိမ် ၄၈၄၅ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ပြီး ကျေးရွာများမှ ပြည်သူ ၁၃၆၄၀ အား ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာများမှ လယ်ယာသုံးနှင့် အိမ်မွေးတိရစ္ဆာန်ကောင်ရေ ၉၂၉၈ကောင်အား ရောဂါကာကွယ်ခြင်းနှင့် ဆေးဝါးကုသခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဧရာဝတီတိုင်းကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ငပုတောမြို့နယ်တို့ရှိ လေဘေးသင့်ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့များအား ဂုဏ်ပြုပွဲ၌ အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မော်လမြိုင် ဟိုးလ်ဒင်း(စ်)လီမိတက်၏ ငါး၊ ပုစွန် အအေးခန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၀ ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့မှ ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာ ဆိပ်ကမ်းသို့ရောက်ရှိသည်။

ထို့နောက် ချောင်းဆုံမြို့ကျွန်းသာယာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက ဒေသဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ဘိုင်အိုဘက်ထရီဖြင့် LED မီးသီးများ ထွန်းညှိနိုင်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ချောင်းဆုံမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ရွာလွတ်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရွာလွတ်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ပြသထားသည့် ကျေးရွာ၏လက်မှုကုန်ထုတ်ပစ္စည်းများကို ကြည့်ရှုအားပေးပြီး ပိုမိုကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ချောင်းဆုံမြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စပေါင်းစိုက်ပျိုးနေရာသို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ချောင်းဆုံမြို့နယ် ဒေါင်းဥကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် မုရစ်ကလေးကျေးရွာ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး တိုးချဲ့သားဖွားဆောင်နှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တိုးချဲ့ကမ်းနားလမ်း လမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးရာမြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အအေးခန်းစက်ရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မော်လမြိုင် ဟိုးလ်ဒင်း(စ်)လီမိတက်၏ ငါး၊ပုစွန် အအေးခန်းစက်ရုံသို့ ရောက်ရှိစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

Panasonic Air Conditioners Sales Convention 2009 အဲယားကွန်းမော်ဒယ်သစ်အမျိုးအစားများ မိတ်ဆက်

ရန်ကုန် မေ ၁၃

Panasonic Air Conditioners Sales Convention 2009 အဲယားကွန်းမော်ဒယ်သစ်အမျိုးအစားများ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို မေ ၁၁ရက် ညနေ ၆နာရီက ရန်ကုန်မြို့ရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာပြည်ဌာနေ အရောင်းကိုယ်စားလှယ် ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းနိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး General Manager Mr.Nicholas Chuah (Panasonic Singapore)က ယခုထုတ်လုပ်သည့် Panasonic အဲယားကွန်းမော်ဒယ်သစ်များအား နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

ယင်းနောက် Panasonic Customer Relation Office (Myanmar)မှ လက်ထောက်မန်နေဂျာ ဒေါ်သန္တာက ယခုထုတ်လုပ်သည့် Panasonic အဲယားကွန်းမော်ဒယ်သစ်များ၏ ထူးခြားဆန်းသစ်သော ဒီဇိုင်းပုံစံသစ်များ၊ စွမ်းအင်ချွေတာမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လျှော့ချပေးနိုင်

Panasonicမှ ယခုထုတ်လုပ်ဖြန့်ဖြူးသော အဲယားကွန်းမော်ဒယ်သစ်များတွင် အင်ဗာတာနည်းပညာပါဝင်သော လေအေးပေးစက်သည် သတ်မှတ်ထားသော အပူချိန်သို့ရောက်လျှင် စွမ်းအင်အနည်းဆုံးအသုံးပြုပြီး စက်ကိုဆက်လက် လည်ပတ်နေစေသောကြောင့် မလိုအပ်သော လျှပ်စစ်သုံးစွဲမှုကို လျှော့ချပေးနိုင်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ၅၀ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အလေးပေး

ထို့အပြင် ကျစ်လျစ်ကျော့ရှင်းလှပပြီး ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဦးစားပေးတီထွင်ထားသည့် Eco-Inspired ဒီဇိုင်းကြောင့် ယနေ့ခေတ်အိမ်တွင်း အပြင်အဆင်မျိုးနှင့် လိုက်ဖက်စေပြီး လေသန့်စင်စနစ်ပါဝင်သောကြောင့် ကျန်းမာရေးနှင့် ညီညွတ်စေသော သန့်စင်အေးမြသည့် လေကို ထုတ်လွှင့်ပေးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးပေးနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် ညီညွတ်

အလားတူ အမြဲကင်းလှည့်အာရုံခံကိရိယာပါဝင်သော ၉-အိုင်းယွန်းအဆင့်မြင့် လေသန့်စင်စနစ် (9-ion Air Purifying System)သည် အခန်းတွင်းရှိ လေထု၏အခြေအနေကို စောင့်ကြည့်စစ်ဆေးပြီး ဖုန်မှုန့်များကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် လေသန့်စင်ခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်ကာ သန့်ရှင်းစေ၍ ကျန်းမာရေးနှင့် ညီညွတ်သော လေထုကို ထုတ်လွှတ်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း မဟာအောင်မြေမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းလွန်ကျောင်းပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (စက်မှု-၁)

မန္တလေးမဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ် ဒေသခံပြည်သူများအား စက်မှု(၁) ဝန်ကြီးဦးအောင်သောင်း တွေ့ဆုံ

နေပြည်တော် မေ ၁၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မေ ၁၀ရက် နံနက်ပိုင်းက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ရဲမွန်တောင်၊မဟာမြိုင်၊မဟာနွယ်စဉ်၊စကြာနွယ်စဉ်၊ဟေမမာလာ(မြောက်)၊ဟေမမာလာ(တောင်)၊ ရတနာဘုမ္မိ(အရှေ့)၊ ရတနာဘုမ္မိ(အနောက်)၊ မဟာအောင်မြေ (အရှေ့)၊ မဟာအောင်မြေ(အနောက်)၊ ရွှေဘုန်းရှိန်၊ သံလျက်(အရှေ့)၊ သံလျက်(အနောက်)၊ စိန်ပန်း၊ ဒေးဝန်းအရှေ့ရပ်ကွက်တို့မှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး အမှတ်(၃၃) အခြေခံပညာမူလတန်းလွန်ကျောင်းပြုပြင်ရန် ငွေကျပ် ၁၀သိန်းနှင့် ဘိလပ်မြေ အိတ် ၅၀၊ ချမ်းမြသာစည် မြောက်ရပ်ကွက် လမ်းပြုပြင်ရန် ငွေကျပ်သိန်း ၄၀၊ မြို့နယ်တိုင်းရင်းဆေးပေးခန်း ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ထွန်းတုံး၊ မြရည်နန္ဒာ၊ ကံသာယာ၊ အောင်သာယာ၊ အောင်ပင်လယ်၊ မြို့သစ်ရပ်ကွက်များ၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ ကမ္ဘဝတီ၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်များမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၀သိန်း၊ အောင်ချမ်းသာမွှာရုံပြုပြင်ရန် ငွေကျပ် ၁၀သိန်း၊ အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် ငွေကျပ်၁၀သိန်းနှင့် ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံ၌ ယာဉ်/လမ်းစည်းကမ်း လိုက်နာရေးစစ်ဆေး

မြင်းခြံ မေ ၁၃

မြင်းခြံ၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အစီအစဉ်နှင့် မြင်းခြံမြို့အတွင်း မော်တော်ကားနှင့် ဆိုင်ကယ်များအပါအဝင် စက်တပ်ယာဉ်များကို ဧပြီ ၉ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်တရားရုံး၊ ဥပဒေရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးရုံး စသည့် ဌာနဆိုင်ရာများပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အောင်ဆန်းလမ်း အထက(၁)အနီးတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ညီ၊ မညီ စစ်ဆေးကြပြီး စည်းကမ်းမဲ့မော်တော်ယာဉ်များကို စစ်ဆေးအရေးယူမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၉၂)

စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲ မိုးညို၌ကျင်းပ

မိုးညို မေ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ် သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခြောက်ရွာလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်ပြီးစီးမှု အောင်ပွဲအထိမ်းအမှတ် အခမ်းအနားကို မေ ၅ ရက်က သပြေပင်ကျေးရွာ အောင်သပြေစာကြည့်တိုက်အနီး မဂ်လာမဏ္ဍပ်၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်၊ မိုးညိုမြို့နယ်ဥက္ကဋ္ဌ ဦးဝေမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(တိုင်း ပြန်/ဆက်)**

ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာနမှ ဆိပ်ကမ်းကျန်းမာမှု ဆရာဝန်ကြီး ဒေါက်တာဝင်းမြင့် ကြီးကြပ်၍ ဆိပ်ကမ်းကျန်းမာရေးအရာရှိ ဒေါက်တာဇော်မိုးဦးတို့ ဦးဆောင်သော ကျန်းမာရေးအဖွဲ့ဝင်များသည် ဧပြီ ၃၀ရက်မှ စတင်က မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ ဝင်ရောက်လာသော ပင်လယ်ကူး သင်္ဘောကြီးများပေါ်ရှိ ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်

မေ ၂ ရက်က တုပ်ကွေးရောဂါ A/H_1 N_1မှ ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှု မရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်း ဆောင်ရွက်

မေ ၂ ရက်က တုပ်ကွေးရောဂါ A/H_1N_1 မှ ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှု မရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

လူတွင်ဖြစ်ပွားသော A/H_1N_1 ရောဂါ မွေးမြူရေးဝက်သို့ ကူးစက်မှု လုံးဝ မရှိသေး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဇီဝလုံခြုံမှု မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ခဲ့

နေပြည်တော် မေ ၁၃

လူတွင်ဖြစ်ပွားသော A/H_1 N_1တုပ်ကွေးရောဂါသည် ဧပြီ ၁၇ရက်မှ ယနေ့အထိ ရောဂါအတည်ပြု နိုင်ငံပေါင်း ၃၃ နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး အတည်ပြုရောဂါဖြစ်ပွားသူ ၅၇၂၈ ဦး၊ သေဆုံးသူ ၆၁ ဦးရှိကြောင်း၊ အာရှပစိဖိတ်ဒေသအတွင်း သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် ထိုင်း ခြောက်နိုင်ငံတို့၌ အတည်ပြုရောဂါဖြစ်ပွားသူ ၂၀ ပါဝင်ကြောင်း သိရှိရသည်။

ကြိုတင်ပြင်ဆင်

မေ ၁၁ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံအနေဖြင့် လူတွင်ဖြစ်ပွားသော A/H_1N_1တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဝက်မွေးမြူရေးလုပ်ငန်းများတွင် ရောဂါကာကွယ်ရေးလုပ်ငန်း အစီအစဉ်များ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအစီအစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ နည်းပညာရပ်ဆိုင်ရာ တိရစ္ဆာန်ရောဂါ စူးစမ်းရှာဖွေရေး၊ ဓာတ်ခွဲခန်း စွမ်းရည်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ WHO၊ USAID၊ JICA၊ FAO၊ World Bank တို့မှ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်၍ ရောဂါကြိုတင်ကာကွယ်တားဆီးရေး ကြိုတင်ပြင်ဆင်ညှိနှိုင်းခဲ့ကြသည်။

ညှိနှိုင်းဆောင်ရွက်

မေ ၁၂ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးချုပ်နှင့် ပြည်နယ်/တိုင်း ဦးစီးမှူးများ တွေ့ဆုံ၍ ကြက်ငှက်တွင်ဖြစ်ပွားသော H_5N_1 တုပ်ကွေးရောဂါနှင့် လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေးရောဂါကာကွယ်တားဆီးရေး၊ ပြည်နယ်/တိုင်း ဝက်မွေးမြူရေးခြံများတွင် ရောဂါစူးစမ်းထောက်လှမ်းရေး၊ ဇီဝလုံခြုံမှု မြှင့်တင်ရေးလုပ်ငန်းအစီအမံများ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေးရောဂါသည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H_1N_1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေး မြန်မာနိုင်ငံအတွင်း ဝင်ရောက်မလာရေး ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်နေ

နေပြည်တော် မေ ၁၃

တုပ်ကွေးရောဂါ A /H_1N_1သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင် အတည်ပြု တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၅၇၂၈ဦး ရှိပြီး သေဆုံးသူ စုစုပေါင်း ၆၁ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယနေ့ ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၃နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

စတင်ဆောင်ရွက်

တုပ်ကွေးရောဂါ A /H_1N_1 မှ ကမ္ဘာ့လူ့တုပ်ကွေးကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A /H_1N_1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးစစ်ဆေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H_1N_1ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေး အသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သတင်းထုတ်ပြန်

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H_1N_1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

Mandalay FM ရေဒီယို စတူဒီယိုအဆောက်အအုံ အုတ်မြစ်စီမင်္ဂလာအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်

နေပြည်တော် မေ ၁၃

Mandalay FM ရေဒီယို စတူဒီယို အဆောက်အအုံအုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို မေ ၁၁ရက် နံနက် ၉နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ Mandalay FM ရေဒီယို စတူဒီယိုဆောက်လုပ်မည့်နေရာ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်ကြပြီး ရတနာရွှေကြုတ်နှင့်ရတနာအုတ်မြစ်တော်များကို စီခြယ်ပေးကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ Mandalay FM ရေဒီယို စတူဒီယို အဆောက်အအုံ အုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် အုတ်မြစ်များ စီခြယ်ပေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူကြကာ မင်္ဂလာအချိန်တွင် တိုင်းမှူးက အလယ်ဗဟိုတွင် ရတနာရွှေကြုတ်တော်ကို စီခြယ်ပေးသည်။

ထည့်သွင်းစီခြယ်

ယင်းနောက် တိုင်းမှူးက အရှေ့အရပ်တွင် ရတနာစိန်အုတ်ကိုလည်းကောင်း၊ ဝန်ကြီးက အရှေ့တောင်အရပ်တွင် ရတနာငွေအုတ်ကိုလည်းကောင်း၊ မန္တလေးမြို့တော်ဝန်က တောင်အရပ်တွင်ရတနာကြောင်အုတ်ကိုလည်းကောင်း၊ တာဝန်ရှိသူများက သတ်မှတ်အရပ်မျက်နှာအသီးသီးတွင် ရတနာအုတ်များကိုလည်းကောင်း မင်္ဂလာအချိန်ကျရောက်သည်နှင့် ထည့်သွင်းစီခြယ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရတနာအုတ်မြစ်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက အုတ်မြစ်တော်စီမင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးရွာသွန်းပေးကြသည်။

အဆိုပါ Mandalay FM ရေဒီယို စတူဒီယိုအဆောက်အအုံသည် အလျား ၃၃၅ပေ၊ အနံပေ၂၆၀၊ အမြင့်၅၂ပေရှိ သုံးထပ်ကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

ရန်ကုန် မေ ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊မွန်ပြည်နယ်၊မန္တလေးတိုင်း၊ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ဧရာဝတီတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့၊ညောင်ဦးမြို့၊ချောက်မြို့၊ မင်းဘူးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ၁၆လက်မ၊ မအူပင်မြို့တွင် ၂ဒသမ ၃၆လက်မ၊ ဖျာပုံမြို့တွင် ၁ဒသမ ၉၆လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ ၅၀လက်မနှင့် မော်လမြိုင်မြို့တွင် ၁ဒသမ ၃၄လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၄ရက်ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းအငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင် မုတ်သုံလေဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ **ကံပေါ်မှာဉာဏ်ဆင့်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်အရှင် ပုညာနန္ဒ)
- ၇:၀၀ **ရတနာသိုက်ရှာပုံတော်** (အပိုင်း-၃၄)
- ၇:၃၀ The Jetsons
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ အနုပညာမိုးကောင်းကင်
- ၉:၁၀ Activities in the City (LG Health Launching New Products Line-up)
- ၉:၃၅ ရတနာပုံဘောလုံးအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲ
- ၉:၅၅ **ဆီးချိုသွေးချို ကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၀:၂၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အိကျော်ဇင်နှင့် တွေ့ဆုံခြင်း)
- ၁၀:၅၀ KOSE'အလှကုန်ရဲ့ မိတ်ကပ်လိမ်းခြယ်မှုပြိုင်ပွဲ
- ၁၁:၀၀ တေးဂီတအစီအစဉ်
- ၁၁:၂၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဆန်ပြားခေါက်ဆွဲနှင့် ကြက်သားလုံးသာဂူလုံး)
- ၁၁:၄၀ မြေပြင်ပေါ်မှာ ရွှေ့လျား ကိုယ်ဟန်ပေါ့ပေါ့ပါးပါး
- ၁၂:၁၀ Shopping Guide (ရွှေပြည်တန်ပိုးထည်တိုက်)
- ၁၂:၃၀ ခြားနားစွမ်းသူတို့၏ ချောင်းသာခရီး
- ၁:၀၀ **ကံပေါ်မှာဉာဏ်ဆင့်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်အရှင် ပုညာနန္ဒ)
- ၂:၀၀ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
- ၂:၂၀ ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Private International Pre School)
- ၂:၃၅ နည်းပညာသစ်ဆန်း MSP အစွမ်း
- ၂:၅၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် စိုးမိုးကြည်)
- ၃:၃၅ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
- ၃:၅၅ တေးဂီတအစီအစဉ်
- ၄:၁၅ တီကောင်စွန့်ပစ်ဩဂဲနစ်
- ၄:၃၅ ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ
- ၄:၅၅ အိုဘယ့်တီဘီ...တိုက်ဖျက် ကိုယ်စီ၊ ခြေလှမ်းညီ
- ၅:၃၀ ခြားနားစွမ်းသူတို့၏ ချောင်းသာခရီး
- ၅:၅၀ KOSE'အလှကုန်ရဲ့ မိတ်ကပ်လိမ်းခြယ်မှုပြိုင်ပွဲ
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ အနုပညာမိုးကောင်းကင်
- ၆:၄၀ ရတနာပုံဘောလုံးအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲ
- ၇:၀၀ Activities in the City (LG Health Launching New Products Line-up)
- ၇:၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဆန်ပြားခေါက်ဆွဲနှင့် ကြက်သားလုံးသာဂူလုံး)
- ၇:၃၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် စိုးမိုးကြည်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အိကျော်ဇင်နှင့် တွေ့ဆုံခြင်း)
- ၈:၄၀ ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Private International Pre School)
- ၉:၀၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၉:၁၅ အဖိုးတန်သော သဘာဝသယံဇာတ မြေပဟူးကောင်း
- ၉:၃၀ **ရတနာသိုက်ရှာပုံတော်** (အပိုင်း-၃၄)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ
- ၁၂:၀၅ အိုဘယ့်တီဘီ...တိုက်ဖျက် ကိုယ်စီ၊ ခြေလှမ်းညီ
- ၁၂:၃၀ **ဆီးချိုသွေးချိုကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့်နေ့အပူချိန်

(၁၃-၅-၂၀၀၉)

မုံရွာ	၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
ချောက်	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်
ပခုက္ကူ	၄၂ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၀၉ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ယောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၄။ အကပဒေသာ
- ၈:၀၀ ၅။ ကြံခင်းဘိလပ်မြေစက်ရုံ
- ၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ **မေတ္တာရေအမြင့် .. တင့်လေသည့်ရွှေကြာ** ထွန်းထွန်း(Examplez)၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင် (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
- ၅:၂၀ ၈။ မူပှာန်သွယ်သွယ်ဆိုကြမယ်
- ၅:၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အလိုလိုက်ခြင်းနည်း** စိုးရန်အောင်၊ ညီထက်၊ ရွှေစင် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၅၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်** (အပိုင်း-၉)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၂၂)
- ၂၀။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်

(၁၃-၅-၂၀၀၉)

နေပြည်တော်	၀ ဒသမ ၁၆ လက်မ
မအူပင်	၂ ဒသမ ၃၆ လက်မ
ဖျာပုံ	၁ ဒသမ ၉၆ လက်မ
ပုသိမ်	၁ ဒသမ ၅၀ လက်မ
မော်လမြိုင်	၁ ဒသမ ၃၄ လက်မ

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

✳ *ကျောဖုံးမှ*

ပြီးသော မြို့မှန်သမျှ လျှပ်စစ်မီးထိန်ထိန်ဝေနေပြီဖြစ်သည်။ ယခင်နှင့်မတူသော တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုတို့၏ စွမ်းအားကြောင့် ဤကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်က တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စည်းလုံးမှု၏ ရလဒ်များကြောင့်ရရှိသော အသီးအပွင့်ကို မျှမျှတတ ခံစားကြမည်ဟု အဓိပ္ပာယ်ရသော၊ မင်္ဂလာရှိသော ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းသည်လည်း ထိုနေ့က ရုပ်မြင်သံကြားတွင် ရှမ်းအိုးစည်သံများ၊ ရှမ်းတိုင်းရင်းသူအကများဖြင့်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားတို့ ကျေနပ်ဝမ်းမြောက်မှု ပြည့်လျှမ်းနေသော ပီတိအပြုံးများဖြင့် လည်းကောင်း၊ ကျက်သရေရှိစွာ မြူးကြွပျော်ရွှင်လျက် ထုတ်လွှင့်ခဲ့သော မြင်ကွင်းအဖြစ် တွေ့ခဲ့ရပါသည်။

ယခု သုံးလေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍ၏ လုပ်ဆောင်မှုကို တွေးမြင်ကြည့်လိုက်လျှင် ရေအားလျှပ်စစ်စီမံကိန်းကြီးများ တိုးတက်တည်ဆောက်နေမှု မြင်ကွင်းများကို အားတက်ဖွယ်ရာ တွေ့ရှိရသကဲ့သို့ မဟာဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်မှုမှာလည်း အရှိန်အဟုန်ဖြင့် တစ်ပြိုင်တည်းဖြစ်အောင် တည်ဆောက်နေမှုကို တွေ့ရှိရသည်။ သတိထားမိသည်မှာ ဤသုံးလေးနှစ်အတွင်း ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် လျှပ်စစ်စက်တပ်ဆင်အား ၂၅ မဂ္ဂါဝပ်၊ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်ပေးနိုင်သည့် ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ခဲ့သည်။ ၎င်းနောက် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂ရက်နေ့တွင် ဒေသအတွင်း သီးသန့်သုံးမည့် စက်တပ်ဆင်အား ၂မဂ္ဂါဝပ်ရှိသော ပသိ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကိုလည်းကောင်း၊ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့တွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပို့လွှတ်မည့် လျှပ်စစ်စက်တပ်ဆင်အား ၃၀မဂ္ဂါဝပ်ရှိပြီး၊ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ထုတ်ပေးနိုင်သော ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကိုလည်းကောင်း ဖွင့်လှစ်ခဲ့သည်။ ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပစဉ်က တက်ရောက်ဖွင့်လှစ်ခဲ့သော တာဝန်ရှိ ပုဂ္ဂိုလ်များက အမှာစကားပြောကြားရာတွင် ကျိုင်းတောင်းစီမံကိန်း၅၄မဂ္ဂါဝပ်၊ ရွှေလီ(၁)စီမံကိန်း ၆၀၀မဂ္ဂါဝပ်၊ ရဲရွာစီမံကိန်း ၇၉၀မဂ္ဂါဝပ်၊ ကွန်းချောင်း စီမံကိန်း ၆၀မဂ္ဂါဝပ်၊ ဖြူးချောင်းစီမံကိန်း ၄၀မဂ္ဂါဝပ်၊ ရွှေကျင်စီမံကိန်း ၇၅မဂ္ဂါဝပ်စီရှိကြသည့် စီမံကိန်းကြီးခြောက်ခုကို ၂၀၀၇ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု အစီအရီဆက်တိုက်ပြီးသွားအောင် အစွမ်းကုန် ကြိုးစား အားထုတ်တည်ဆောက်လျက်ရှိကြောင်း ပြည်သူသို့ အသိပေးတင်ပြသွားခဲ့သည်။

ရေအားလျှပ်စစ်တည်ဆောက်ရေးစီမံကိန်းများသို့ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသည် မကြာခဏ သွားရောက်စစ်ဆေးကြည့်ရှု အားပေးမှုများ ပြုလုပ်နေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများရှိ တာဝန်ရှိသူများ၏ တက်တက်ကြွကြွ အားထုတ်ကြိုးပမ်းနေမှုများကိုလည်း ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များတွင် အဆက်မပြတ်တွေ့ရှိနေရသဖြင့် နိုင်ငံတော်အစိုးရသည် လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ အစီအမံရှိရှိဖြင့် ခွန်စိုက်အားစိုက် လုပ်ဆောင်နေကြောင်း အားတက်ဖွယ်ရာ တွေ့ရှိရပါသည်။ မကြာမီ လျှပ်စစ်စက်တပ်ဆင်အား ၆၀၀မဂ္ဂါဝပ်ရှိသော ရွှေလီ(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းကိုလည်း သတင်းကောင်းအဖြစ် ကြားသိနေရသည်။ သို့ဖြစ်၍ စာရေးသူအနေဖြင့် နိုင်ငံတော်၏ အနာဂတ် လျှပ်စစ်စွမ်းအားအခြေအနေကို သိရှိနိုင်ရန်အတွက် ဤဆောင်းပါးကို လေ့လာရေးသားခြင်းဖြစ်ပါသည်။

နိုင်ငံ၌ရှိသော ယနေ့လျှပ်စစ် စက်တပ်ဆင်အား

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ၁၆.၅.၂၀၀၆ ရက်နေ့မှစ၍ အမှတ်(၁) လျှပ်စစ်စွမ်းအား နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဟူ၍ ဝန်ကြီးဌာန နှစ်ခုအဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့သည်။ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်နိုင်မည့် ရေအရင်းအမြစ်များကို ရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား မောင်းနှင်ထုတ်လုပ်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သည်။ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းများဖြင့် ဓာတ်အားကွန်ရက်စနစ်ကိုတည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းကြီးများဖြင့် လျှပ်စစ်ဓာတ်အားများကို သယ်ယူပို့လွှတ်ခြင်းနှင့်သုံးစွဲသူများထံအရောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခြင်းကိုဆောင်ရွက်သည်။ ဤဝန်ကြီးဌာနနှစ်ခုက ဟန်ချက်ညီစွာ ကြိုးပမ်းတည်ဆောက်မှုဖြင့် နှစ်အနည်းငယ်အတွင်း လျှပ်စစ်ဓာတ်အား သိသိသာသာ တိုးတက်ရရှိလာမည် ဖြစ်သည်။

ယနေ့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အောက်ပါလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၅ရုံကို မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေသည်-

စဉ်	ဓာတ်အားပေးစက်ရုံ အမည်	စက်တင်ဆင်အား မဂ္ဂါဝပ်	ပြီးစီးသော ခုနှစ်
၁	ဘီလူးချောင်း(၂)	၁၆၈	၁၉၇၄
၂	ကင်းတား	၅၆	၁၉၈၅
၃	ဆည်တော်ကြီး	၂၅	၁၉၈၉
၄	ဘီလူးချောင်း(၁)	၂၈	၁၉၉၂
၅	ဇော်ဂျီ(၁)	၁၈	၁၉၉၅
၆	ဇော်ဂျီ(၂)	၁၂	၁၉၉၈
၇	ဇောင်းတူ	၂၀	၂၀၀၀
၈	သဖန်းဆိပ်	၃၀	၂၀၀၂
၉	မုန်း	၇၅	၂၀၀၄
၁၀	ပေါင်းလောင်း	၂၈၀	၂၀၀၅
၁၁	ရဲနွယ်	၂၅	၂၀၀၇
၁၂	ခပေါင်း	၃၀	၂၀၀၈
၁၃	တီကျစ်(ကျောက်မီးသွေးသုံး)	၁၂၀	၂၀၀၅
၁၄	ကျိုင်းတောင်း	၅၄	၂၀၀၉
၁၅	ရွှေလီ(၁)	၅၀၀	၂၀၀၉
	စုစုပေါင်း	**၁၄၄၁**	

ရွှေလီ(၁)လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အား (၁၀၀ မဂ္ဂါဝပ်×ခြောက်လုံး=၆၀၀မဂ္ဂါဝပ်)ဖြစ်သော်လည်း ယခုစက် ငါးလုံး၅၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီဖြစ်ပြီး ဆက်လက်၍ မကြာမီနောက်ထပ် စက်တစ်လုံး တပ်ဆင်မှုပြီးစီးမည်ဟု သိရသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ယနေ့လျှပ်စစ်စက်တပ်ဆင်အား ပိုင်ဆိုင်မှုမှာ ၁၄၄၁မဂ္ဂါဝပ်ဖြစ်ပြီး ၁၉၈၈ခုနှစ် မတိုင်မီကဆိုလျှင် နိုင်ငံအတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံသာ ရှိခဲ့ကြောင်း၊ ဘီလူးချောင်း(၂) ဓာတ်အားပေးစက်ရုံ ၁၆၈မဂ္ဂါဝပ်၊ ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၅၆မဂ္ဂါဝပ် စုစုပေါင်းစက်တပ်ဆင်အား ၂၂၄မဂ္ဂါဝပ်သာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ပင် ယနေ့အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်လည်း ဓာတ်ငွေ့/ရေနွေးငွေ့ဖြင့် မောင်းနှင်ရသော အောက်ပါလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၅ရုံမှ စက်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသည်-

စဉ်	ဓာတ်အားပေးစက်ရုံ အမည်	စက်တပ်ဆင်အား မဂ္ဂါဝပ်	ပြီးစီးသော ခုနှစ်
၁	ကျွန်းချောင်း	၅၄ဒသမ၃၀	၁၉၇၄
၂	မန်း	၃၆ဒသမ၉၀	၁၉၈၀
၃	ရွှေတောင်	၅၅ဒသမ၃၅	၁၉၈၄
၄	မြန်အောင်	၃၄ဒသမ၇၀	၁၉၇၅
၅	သထုံ	၅၀ဒသမ၉၅	၁၉၈၅
၆	မော်လမြိုင်	၁၂ဒသမ၀၀	၁၉၈၀
၇	လှော်ကား	၉၉ဒသမ၉၀	၁၉၉၅
၈	လှော်ကား(ရေနွေးငွေ့)	၅၄ဒသမ၃၀	၁၉၉၉
၉	ရွာမ	၆၀ဒသမ၉၀	၁၉၈၀
၁၀	ရွာမ(ရေနွေးငွေ့)	၉ဒသမ၄၀	၂၀၀၄
၁၁	အလုံ	၉၉ဒသမ၉၀	၁၉၉၅
၁၂	အလုံ(ရေနွေးငွေ့)	၅၄ဒသမ၃၀	၁၉၉၉
၁၃	သာကေတ	၅၇ဒသမ၀၀	၁၉၉၀
၁၄	သာကေတ(ရေနွေးငွေ့)	၃၅ဒသမ၀၀	၁၉၉၇
၁၅	ကံမ	၈ဒသမ၇၂	၁၉၉၈
	စုစုပေါင်း	**၇၂၃ဒသမ၆၂**	

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ယနေ့လျှပ်စစ်စက်တပ်ဆင်အား ပိုင်ဆိုင်မှုမှာ ၇၂၃ဒသမ၆၂မဂ္ဂါဝပ်ဖြစ်ပြီး ဓာတ်ငွေ့ဖြင့်မောင်းနှင်ရသော၊ ရေနွေးငွေ့ဖြင့် မောင်းနှင်ရသော ဓာတ်အားပေးစက်ရုံများမှ မောင်းနှင်ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ၁၉၈၈ခုနှစ် မတိုင်မီကဆိုလျှင် နိုင်ငံအတွင်း ဓာတ်ငွေ့/ရေနွေးငွေ့ဖြင့် မောင်းနှင်ရသော စက်ရုံခုနစ်ရုံသာရှိခဲ့သဖြင့် ၎င်းစက်ရုံ ခုနစ်ရုံမှ ၂၆၈ဒသမ၂ မဂ္ဂါဝပ်သာ ထုတ်လုပ်ပို့လွှတ်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခု၏ ယနေ့ပိုင်ဆိုင်သော လျှပ်စစ်စက်တပ်ဆင်အားမှာ ၂၁၆၄ဒသမ၆၂မဂ္ဂါဝပ်ဖြစ်၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံပေါင်း၃၀မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်ပြီး မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်နှင့် ဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် သုံးစွဲသူများထံအရောက် လျှပ်စစ်ဓာတ်အား ပို့လွှတ်လျက်ရှိရာ ယခုနှစ်ပိုင်းများအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်နိုင်မှုကို ကြည့်မည်ဆိုလျှင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၆၀၈၈ထုတ်လုပ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၅၅၄၃ပို့လွှတ်နိုင်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၂၉၉ထုတ်လုပ်ပြီး ကီလိုဝပ်နာရီ သန်းပေါင်း ၆၀၆၈ပို့လွှတ်နိုင်ခဲ့သည်။ ၂၀၀၈-၂၀၀၉ခုနှစ်တွင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ သန်းပေါင်း၆၅၃၇ ထုတ်လုပ်ပြီး ကီလိုဝပ်နာရီသန်းပေါင်း ၆၃၃၄ပို့လွှတ်နိုင်ခဲ့ပါသည်။ တစ်နှစ်ပြီး တစ်နှစ်တိုးတက်ထုတ်လုပ် ပို့လွှတ်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုနှုန်း အောင်မြင်တိုးတက်မှုရှိသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား၏ လိုအပ်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လိုအပ်နေမည်သာဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မကြာမီ

ရွှေလီ(၁) လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အား (၁၀၀ မဂ္ဂါဝပ်×ခြောက်လုံး= ၆၀၀ မဂ္ဂါဝပ်) ဖြစ်သော်လည်း ယခုစက် ငါးလုံး ၅၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီ ဖြစ်ပြီး ဆက်လက်၍ မကြာမီ နောက်ထပ် စက်တစ်လုံး တပ်ဆင်မှု ပြီးစီးမည်ဟု သိရသည်။

မကြာမီ ရွှေလီ(၁)စီမံကိန်း၏ နောက်ထပ်စက်တစ်လုံး တပ်ဆင်ပြီးလျှင် ၁၀၀မဂ္ဂါဝပ် တိုးတက်ရရှိမည်။ ၂၀၁၀ ပြည့်နှစ် မကုန်မီ ရဲရွာစီမံကိန်း ၇၉၀မဂ္ဂါဝပ်၊ ကွန်းချောင်း စီမံကိန်း ၆၀မဂ္ဂါဝပ်၊ ဖြူးချောင်းစီမံကိန်း ၄၀မဂ္ဂါဝပ်နှင့် ရွှေကျင်စီမံကိန်း ၇၅မဂ္ဂါဝပ်တို့ ပြီးစီးမည်ဆိုလျှင် ထပ်မံ၍ လျှပ်စစ်ဓာတ်အား ၁၀၆၅ မဂ္ဂါဝပ်တိုးတက်ရရှိ လာမည်ဖြစ် သည်။ ထိုသို့ဆိုလျှင် ၂၀၁၀ပြည့်နှစ်အကုန်တွင် နိုင်ငံတော်၌ လျှပ်စစ် စက်တပ်ဆင်အား ၃၂၂၉ဒသမ၆၂မဂ္ဂါဝပ်အထိ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏အားပေးမှု၊ စီမံမှု နှင့်ရေအား လျှပ်စစ်စီမံကိန်းများ၏ ကြိုးပမ်းအားထုတ် တည်ဆောက်နေမှုတို့ကို ကြည့်ပါက ဤစီမံကိန်းကြီး များသည် မျှော်မှန်းထားသော ကာလတွင် ပြီးစီးကြလိမ့် မည်။

ရွှေလီ(၁)စီမံကိန်း၏ နောက်ထပ်စက်တစ်လုံးတပ်ဆင်ပြီးလျှင် ၁၀၀မဂ္ဂါဝပ် တိုးတက်ရရှိမည်။ ၂၀၁၀ပြည့်နှစ်မကုန်မီ ရဲရွာစီမံကိန်း ၇၉၀ မဂ္ဂါဝပ်၊ ကွန်းချောင်း စီမံကိန်း ၆၀ မဂ္ဂါဝပ်၊ ဖြူးချောင်းစီမံကိန်း ၄၀ မဂ္ဂါဝပ်နှင့် ရွှေကျင်စီမံကိန်း ၇၅မဂ္ဂါဝပ်တို့ ပြီးစီးမည်ဆိုလျှင် ထပ်မံ၍လျှပ်စစ်ဓာတ်အား ၁၀၆၅ မဂ္ဂါဝပ်တိုးတက်ရရှိလာမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ၂၀၁၀ပြည့်နှစ်အကုန်တွင် နိုင်ငံတော်၌ လျှပ်စစ်စက်တပ်ဆင်အား ၃၂၂၉ဒသမ၆၂ မဂ္ဂါဝပ်အထိ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ စီမံမှုနှင့်ရေအားလျှပ်စစ်စီမံကိန်းများ၏ ကြိုးပမ်းအားထုတ် တည်ဆောက်နေမှုတို့ကို ကြည့်ပါက ဤစီမံကိန်းကြီးများသည် မျှော်မှန်းထားသော ကာလတွင် ပြီးစီးကြလိမ့်မည်။ ရေအားလျှပ်စစ်စီမံကိန်းများသည် ရေလွှဲဥမင်လိုဏ်များနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် ရေယူဥမင်လိုဏ်များကို ထည့်သွင်းတည်ဆောက်ရသဖြင့် မမျှော်မှန်းနိုင်သော ဘူမိဗေဒ အခြေအနေများနှင့်အခက်အခဲများသာ မရှိပါက အောင်မြင်စွာ ပြီးစီးသွားကြလိမ့်မည် ဖြစ်သည်။

ဤသို့လျှင် နိုင်ငံတော်အစိုးရသည် နိုင်ငံသူနိုင်ငံသားများ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်စေရန်အတွက် သာမန်အားထုတ်ကြိုးပမ်းမှု စွမ်းအားဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ မဟာစီမံချက် (Master Plan) ချမှတ်ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။ ။

အာရှနိုင်ငံများ ကုန်သည်စက်မှု အစည်းအဝေး တက်ရောက်ရန် ပေကျင်းသို့ထွက်ခွာ

ရန်ကုန် မေ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ၁၃ရက်မှ ဇွန် ၁ရက်အထိ ကျင်းပမည့် Seminar for Chambers of Commerce and Industry of Asian Countriesသို့ တက်ရောက်ရန်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် အလုပ်အမှုဆောင် ဦးနေထွန်းမင်းတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင် ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

စက်မှုလယ်ယာစနစ်ကူးပြောင်းရေး စက်မှုထုတ်ကုန်များသုံးစွဲပေး

သတင်းဆောင်းပါးမြင်ကွင်း-မိုးမြင့်လင်းလက်
ဓာတ်ပုံ-ကျော်မြင့်သန်း (လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၃

စက်မှုလယ်ယာသုံးစက်ပစ္စည်းများ တင်ဆောင်ထားသည့် နယ်လှည့်မော်တော်ယာဉ်၊ မော်တော်ယာဉ်ပေါ်၌ တစ်ဘီးထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ယာသုံး နောက်တွဲယာဉ်များကို တင်ဆောင်ထားသည်။ မော်တော်ယာဉ်ဘေး၌ စက်မှုလယ်ယာသုံး စက်ပစ္စည်းများကို စိတ်ဝင်စားစွာ ကြည့်ရှုနေသောတောင်သူများ....။

စက်ပစ္စည်း

ရန်ကုန်တိုင်း မော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု နတ်ရဲကွင်းရွာသို့ သတင်းအဖွဲ့ရောက်ရှိချိန်၌ လယ်ယာသုံး စက်ပစ္စည်းများကို သေချာစွာ ကိုင်တွယ်ကြည့်ရှုနေကြသော တောင်သူများကို မြင်တွေ့ရသည်။ လယ်ယာသုံးစက်ပစ္စည်းများ အကြောင်းကို ရှင်းပြပေးနေသော စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်း အမျိုးသမီးငယ်များကိုလည်း တွေ့မြင်ရသည်။

''ကျွန်တော်တို့ နိုင်ငံမှာ စက်မှုလယ်ယာကို အရှိန်အဟုန်နဲ့ ကူးပြောင်းနေတဲ့အချိန်ဖြစ်တဲ့အလျောက် လယ်ယာသုံး စက်ပစ္စည်းတွေကို တောင်သူတွေလက်ဝယ်အရောက် မော်တော်ယာဉ်တွေနဲ့ တစ်ရွာဝင် တစ်ရွာထွက် လိုက်လံရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်တဲ့ လယ်ယာသုံး စက်ပစ္စည်းတွေကို တစ်နိုင်ငံလုံး အတွက် အဖွဲ့ပေါင်း၂၀ ဖြန့်ခဲ့ပြီး အခုလို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်''ဟု ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုလယ်ယာကူးပြောင်းရေး အရှိန်အဟုန်မြှင့်နယ်လှည့်ကွင်းဆင်းအဖွဲ့ တာဝန်ခံ ဦးသန်းဦးက မြန်မာ့အလင်းသတင်းအဖွဲ့အား ရှင်းပြသည်။

သုံးစွဲမှု

မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူများ လက်ဝယ်အရောက် လယ်ယာသုံးစက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးမှုအဖြစ် မော်တော်ယာဉ်ကြီးများပေါ်တွင် စက်ပစ္စည်းများ တင်ဆောင်ကာ တောင်သူများအား စက်ပစ္စည်း တစ်ခုချင်းအလိုက် သုံးစွဲမှုနှင့် စွမ်းအားများကို စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းအမျိုးသမီးများက ရှင်းပြပေးကြသည်။

''ကျွန်တော်တို့ မေ ၄ရက်က စတင်ပြီး ရန်ကုန်တိုင်းအတွင်းမှာလှည်းကူးမြို့နယ်ကို သွားရောက်ပြသရောင်းချခဲ့ပြီးပါပြီ။ တောင်သူတွေ စိတ်ဝင်စားကြတယ်....၊ ဝယ်ယူကြတယ်၊ အခု မော်ဘီမြို့နယ်အတွင်းကရွာတွေကို လိုက်လံပြသ ရောင်းချပေးနေတာပါ။ ဒီမြို့နယ်ပြီးရင် ထန်းတပင်မြို့နယ်ကို ဆက်ကူးသွားမယ်၊ မော်တော်ယာဉ်ပေါ်မှာ လယ်ယာသုံး စက်ပစ္စည်းလေးမျိုးတင်ဆောင်လာပါတယ်၊ ကျန်တဲ့ စက်ပစ္စည်းတွေကို ပုံစံပိုစတာချပ်တွေနဲ့ ယူဆောင်လာပြီး တောင်သူတွေကို ဘယ်လိုသုံးစွဲနိုင်တဲ့အကြောင်း ရှင်းပြပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ရုပ်မြင်သံကြားစက်တွေ သယ်ဆောင်လာပြီး လယ်ယာသုံးစက်မှုပစ္စည်းတွေ သုံးစွဲမှုနဲ့ပတ်သက်ပြီး ရိုက်ကူးထားတဲ့ သရုပ်ပြအခွေတွေလည်း မပြတ်တမ်းပြသပြီး တောင်သူတွေကို အသိပညာပေးနေပါတယ်။ ရောင်းချရာမှာ အရစ်ကျဝယ်ယူတဲ့စနစ်နဲ့ဖြစ်စေ၊ လက်ငင်းငွေချေတဲ့ စနစ်တွေနဲ့ဖြစ်စေ တိုက်ရိုက်ရောင်းပေးနေပါပြီ''ဟု ဦးသန်းဦးက ရှင်းပြသည်။

''တောင်သူတွေ လက်ဝယ်အရောက် လက်ငင်းငွေချေစနစ်နဲ့ အရစ်ကျ ဝယ်ယူတဲ့ စနစ်တွေနဲ့ ရောင်းချပေးနေပါတယ်''

ဦးသန်းဦး
အရောင်းတာဝန်ခံ။

ရန်ကုန်တိုင်း မော်ဘီမြို့နယ် နတ်ရဲကွင်းကျေးရွာ၌ စက်မှုလယ်ယာသုံး စက်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်အနီး ဝန်ထမ်းများက စက်ပစ္စည်းများ အသုံးပြုပုံနှင့် စွမ်းအားကို ရှင်းပြနေစဉ်။ (မြန်မာ့အလင်း)

ပြသဖျော်ဖြေ

လယ်ယာသုံးစက်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်အနီးတွင် ရုပ်မြင်သံကြားစက်ထားကာ သရုပ်ဆောင်များက တေးသီချင်းများဖြင့် ပြသဖျော်ဖြေရှင်းပြသည့် ဗီဒီယိုအခွေများပြသနေသည်ကို တောင်သူများက ကြည့်ရှုနေကြသည်ကို တွေ့ရသည်။ ယခုကဲ့သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချမှုကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် ရန်ကုန် စသည့် ပြည်နယ်နှင့်တိုင်းများသို့ စေလွှတ်ရောင်းချလျက်ရှိနေပြီဖြစ်သည်။

ထွန်ယက်နေ

ထိုမှတစ်ဆင့် မော်ဘီမြို့နယ်သာပေါင်းတောရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ သာပေါင်းတောရွာတွင် စက်မှုလယ်ယာသုံး ထွန်စက်များဖြင့် ထွန်ယက်နေသူများကို တွေ့ရသည်။ ထွန်စက်ဖြင့် ထွန်ယက်နေသူ တောင်သူ တစ်ဦးကို လယ်ကွက်အတွင်း ဆင်းပြီး မေးမြန်းရာ ''နာမည်က ဦးတင်အောင်လို့ ခေါ်ပါတယ်။ စပါးစိုက်ဧက ၄၀ ရှိပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲလည်း စိုက်ပါတယ်။ အခုလိုလယ်ယာသုံး ထွန်စက်နဲ့ ထွန်ယက်တော့ အချိန်ကုန်သက်သာတဲ့အပြင် ထယ်ရေးပိုညက်လို့ အထွက်လည်း တိုးပါတယ်။ ကုန်ကျစရိတ်လည်း သက်သာတဲ့အပြင် ကန်သင်းတင် လယ်တွေကိုလည်း ဝိုင်းပြီး ကူညီထွန်ယက်ပေးလို့ရတယ်''ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

လက်တွေ့သိမြင်

လယ်ကွက်အတွင်း လယ်ယာသုံးထွန်စက်ဖြင့် ထွန်ယက်နေမှုကို ရပ်ကြည့်နေရာ လယ်တစ်ကွက်ကို မိနစ်ပိုင်း အတွင်းမှာပင် ထွန်ယက်ပြီးစီးကြောင်း တွေ့ရှိခဲ့ရသည်။ လူသက်သာ၊ အချိန်ကုန်သက်သာ၊ ငွေကြေးကုန်ကျမှုလည်း သက်သာပြီး အလုပ်တွင်ကျယ်ကြောင်း လက်တွေ့သိမြင်ခဲ့ရသည်။

ပြသပေး

စက်မှုလယ်ယာမှထုတ်လုပ်ထားသော လယ်ယာသုံးစက်ပစ္စည်းများကို ဝယ်ယူသုံးစွဲပါက တစ်နှစ် အာမခံပေးပြီး တစ်နှစ်အတွင်း အခမဲ့ပြုပြင်ပေးမည် ဖြစ်သည်။ ကိုင်တွယ်အသုံးပြု မောင်းနှင်မှုကို ဝန်ထမ်းများက လက်တွေ့ပြသပေးမည်ဖြစ်ပြီး လိုအပ်သည့် ပြင်ဆင်မှုကိုလည်း တောင်သူကိုယ်တိုင် သိရှိနားလည်အောင် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ပြသပေးမည်ဖြစ်သည်။

စိတ်ဝင်စား

စက်မှုလယ်ယာ ဦးစီးဌာနမှ နယ်လှည့်အရောင်းကားတွင် ပါရှိလာသော လယ်ယာသုံးစက်ပစ္စည်းများကို သေချာစွာ စစ်ဆေးကြည့်ရှုနေသော တောင်သူကြီးတစ်ဦးကို မေးမြန်းရာ ''ကျွန်တော်ကနတ်ရဲကွင်းရွာက ဦးဝင်းစိန် ဖြစ်ပါတယ်။ အရင်ကတော့ ကျွဲ၊ နွားတွေနဲ့ ထွန်ယက်ခဲ့တာပါ။ အခုစက်မှုလက်ယာသုံး ထွန်စက်နဲ့ ထွန်ယက်ဖို့ စိတ်ဝင်စားတာနဲ့ လာကြည့်တာ ဖြစ်ပါတယ်။ အလုပ်မြန်မြန် ပြီးတဲ့အပြင် ကုန်ကျစရိတ်သက်သာတဲ့အတွက် ဝယ်ယူပြီး သုံးစွဲဖို့ ဆုံးဖြတ်လိုက်ပါပြီ။ အရစ်ကျငွေပေးရမှာဆိုတော့ အဆင်ပြေတာပေါ့''ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

''စက်မှုလယ်ယာသုံး ထွန်စက်နဲ့ ထွန်ယက်တော့ အချိန်ကုန်သက်သာပြီး လုပ်ငန်းတွင်ကျယ်တယ်''

ဦးဝင်းစိန်
နတ်ရဲကွင်းရွာ။

စက်မှုလယ်ယာသုံး ပစ္စည်းများတွင် ခြွေလှေ့စက်မှာ မြင်းကောင်ရေ ၁၆ ကောင်အားရှိသော ဒီဇယ်အင်ဂျင် တပ်ဆင်ထားသည်။ ခြွေလှေ့စက်မှာ တစ်နာရီလျှင် စပါးတင်း ၆၀ခြွေလှေ့နိုင်သောစွမ်းအားရှိသည်။

မောင်းနှင်နိုင်

တောင်သူများ တွက်ခြေကိုက်သည့် စက်ပစ္စည်းမှာ စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ပင်ဖြစ်သည်။တစ်နာရီလျှင်စပါးခွံ ၁၂ ပြည်ခန့်သာ အသုံးပြုရပြီး ဒီဇယ်ဆီတစ်ပုလင်းဖြင့် မြင်းကောင်ရေ ၁၀ ကောင်အား အင်ဂျင်စက်ကို လေးနာရီကြာမောင်းနှင်နိုင်သကဲ့သို့ မြင်းကောင်ရေ ၂၂ ကောင်အား အင်ဂျင်စက်ကို သုံးနာရီကြာ မောင်းနှင်နိုင်ကြောင်း သိရသည်။ ထို့အပြင် ရေစုပ်စက်၊ ဆန်စက်၊ မီးစက်၊ အမှုန့်ကြိတ် စက်များဖြင့် တွဲဖက် အသုံးပြုနိုင်သည်။ ဒီဇယ်ဆီကုန်ကျမှု ၇၀ရာခိုင်နှုန်းသက်သာစေသည့်အပြင် အချိန်တိုအတွင်း စက်ဖိုးကျေနိုင်ကြောင်းသိရသည်။ စက်မှုလယ်ယာသုံး စက်များကို နတ်ရဲကွင်း၊ သာပေါင်း၊ ညောင်ကုန်း၊ မင်းရွာ စသည့် ကျေးရွာများမှ တောင်သူများ လာရောက်ဝိုင်းအုံ ကြည့်ရှုနေကြသည်မှာ စက်မှုလယ်ယာသို့ ကူးပြောင်းရေး အကောင်အထည်ဖော်မည့်သူများအဖြစ် မြင်တွေ့ခံစားရသည်။

''အခုလို စက်မှုလယ်ယာသုံး ထွန်စက်နဲ့ ထွန်ယက်တော့ ထယ်ရေးပိုညက်ပြီး အထွက်နှုန်းကောင်းပါတယ်''

ဦးတင်အောင်
သာပေါင်းတောရွာ။

စက်မှုလယ်ယာ

ထို့အပြင် တောင်ပေါ်သုံး ကိုင်းရှည်ထွန်စက်၊ တောင်စောင်းသုံးထွန်စက်၊ မြင်းကောင်ရေ ၂၂ ကောင်အား ဒီဇယ်အင်ဂျင်များနှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချပေးလျက်ရှိရာ တောင်သူများအနေဖြင့် စက်မှုလယ်ယာကူးပြောင်းရေးတွင် စက်ပစ္စည်းများကို စိတ်ဝင်စားသုံးစွဲခြင်းအားဖြင့် မြေအသုံးချမှု အလေအလွင့်မရှိ၊ အချိန်ကုန် သက်သာသည့်အပြင် သီးထပ်သီးညှပ်များကို အချိန်မီ စိုက်ပျိုးနိုင်ကြမည်ဖြစ်ပေသည်။ ဤသို့အားဖြင့် မြန်မာ့လယ်ယာကဏ္ဍ တစ်ခုလုံးသည် စက်မှုလယ်ယာခေတ်ဆီသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်တော့မည်ဖြစ်ကြောင်း ယုံကြည်စိတ် ဖြစ်ပေါ်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

စက်မှုလယ်ယာသုံးစက်ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်များဖြင့် တောင်သူများ လက်ဝယ်သို့အရောက် ဖြန့်ဖြူးရောင်းချပေးရန် ဤသို့ စီစဉ်ထားသည်။ (မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

သက်ကြီးပူဇော်ပွဲ မြင်းမူ၌ကျင်းပ

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအား ငွေကျပ် ၇၅၀၀စီ၊ ကံထူးရှင် အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးအား ငွေကျပ် ၁၀၀၀၀စီနှင့် အဘိုးအဘွား ၁၃၃ဦးအား ငွေကျပ် ၄၀၀၀စီနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

တောင်သာ၌ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆောင်ရွက်

တောင်သာမြို့နယ်တွင် ရေအားလျှပ်စစ် ကိုယ့်အားကိုယ်ကိုးထုတ်လုပ်ရေးအတွက် ကျေးရွာငါးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်မှုအား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကျော်မြင့်၊ ဆည်မြောင်းဦးစီးအရာရှိ ဦးမျိုးအောင်နှင့်အဖွဲ့သည် ဧပြီ ၁၃ ရက်က ဆုံကုန်းရွာ၊ ကဒက်ကုန်းရွာ၊ လယ်ဗွက်ကြီးရွာ၊ လယ်ပေကင်းရွာနှင့် အေးမရွာများသို့ ကွင်းဆင်းကြီးကြပ်ပေးသည်။ (ဝ၉၂)

အုတ်ဖိုမြို့နယ်၌ လူရည်မွန်စာကြည့်တိုက်ဖွင့်

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာ လူရည်မွန် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ရက် နံနက် ၉ နာရီကလည်းကောင်း၊ ညောင်ပင်ကွင်းကျေးရွာ စာကြည့်တိုက်ကို နံနက် ၁၁ နာရီကလည်းကောင်း သက်ဆိုင်ရာစာကြည့်တိုက်အဆောက်အအုံများ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က အမှာစကားပြောကြားပြီး ထောက်ကြံ့ကွင်းကျေးရွာ လူရည်မွန်စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ (တိုင်း ပြန်/ဆက်)

ကျောက်မဲ၌ စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ကျောက်မဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို ဧပြီ၂၀ရက်က ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကလေးပြိုင်ပွဲ၌ ဆုရရှိကြသော မွေးစမှ ခြောက်လအထိ ငါးဦး၊ ခြောက်လမှတစ်နှစ် ငါးဦး၊ တစ်နှစ်မှ နှစ်နှစ်အထိ ငါးဦး၊ နှစ်နှစ်မှ သုံးနှစ်အထိ ငါးဦး၊ အမြွှာပူးတစ်ဆယ့်တစ်တွဲနှင့် စံပြမိခင်လေးဦးတို့အား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်၊ ခရိုင်ဆရာဝန်ကြီး ဒေါ်အေးအေးမူနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (မြို့နယ် မိခင်/ကလေး)

မြင်းခြံ၌ ဇီဝဘက်ထရီသုံးစွဲမှု သရုပ်ပြ

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ နွားထိုးကြီး ငါးမြို့နယ်မှ ဒေသခံတောင်သူများအား ဇီဝဘက်ထရီဖြင့် မီးလင်းမှုသရုပ်ပြပွဲကို ဧပြီ ၁၀ရက်က မြင်းခြံအထက(၁)၌ ကျင်းပရာ နွားချေးနှင့် အိမ်သုံးဆား ဆတူရောကာ စွန့်ပစ်ဓာတ်ခဲပောင်းများနှင့် လျှပ်စစ်မီးလင်းသော ဇီဝဘက်ထရီ သုံးစွဲမှုသရုပ်ပြပွဲကို မြင်းခြံနည်းပညာကောလိပ်မှ တာဝန်ရှိသူများက လက်တွေ့နည်းပညာ ပြသပေးသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်း၌ ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် လူထုအတွင်း ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဆင်းပွဲကို မေ၁၀ရက် နံနက်၉နာရီက နန့်ဟိုင်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပရာ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမြင့်အောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဒေါင်ဖဲတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝဝ၁)

ငါးသိုင်းချောင်း၌ မီးသတ်သင်တန်းဆင်း

ငါးသိုင်းချောင်းမြို့အတွင်းရှိ အောင်ဆန်းရပ်ကွက်၊ မြို့သစ်ရပ်ကွက်နှင့်ဒေါင့်ကြီးဘက်ကျေးရွာအုပ်စုမှတပ်ဖွဲ့ဝင် ၇၀တို့၏ အခြေခံစစ်ပညာနှင့်မီးသတ်သင်တန်းဆင်းပွဲ အမှတ်စဉ်(၁/၂၀၀၉)ကို ဧပြီ ၃ရက် ညနေ ၃နာရီက ငါးသိုင်းချောင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်၊ မြို့စခန်းမှူး ရဲအုပ်သိန်းဝင်းနှင့် ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။ (၁၅၃)

စလင်း၌ ဆင်ဖြူကျွန်းစာကြည့်တိုက်ဖွင့်

စလင်းမြို့နယ် ဆင်ဖြူကျွန်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယင်းစာကြည့်တိုက်တွင် ဧပြီ ၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွဋ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှထွဋ်နှင့် မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းတို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များက စာအုပ် ၃၃၂၅အုပ် တန်ဖိုးငွေကျပ် ၁၅သိန်းခန့်နှင့် ပရိဘောဂ ၃၆လုံး တန်ဖိုးငွေကျပ် ၁၄သိန်းခန့်ကို လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့သည့် အမေရိကန်နိုင်ငံသား John William Yettaw ၏ ကိုယ်ရေးအကျဉ်း



ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့သည့် အမေရိကန်နိုင်ငံသား Mr. John William Yettaw။

(သတင်းစဉ်)

၁။	အမည်	-	John William Yettaw
၂။	အခြားအမည်	-	မရှိပါ
၃။	အသက်၊ မွေးသက္ကရာဇ်	-	၅၄ နှစ်၊ ၆-၉-၁၉၅၅
၄။	လူမျိုး	-	အမေရိကန်လူမျိုး
၅။	အရပ်အမြင့်	-	၅ ပေ ၁၀လက်မ
၆။	ကိုယ်အလေးချိန်	-	ပေါင် ၂၂၀
၇။	မွေးဖွားရာဇာတိ	-	Detroit Michigan
၈။	မှတ်ပုံတင်အမှတ်	-	P.P No-439767722/24.8.2008/EV/T (ကမ္ဘာလှည့်ဗီဇာ)
၉။	ပညာအရည်အချင်း	-	Ph.D(Psychology) (တက်ရောက်ဆဲ)
၁၀။	အလုပ်အကိုင်	-	Student,Clinical Psychology,Forest Institute
၁၁။	နေရပ်လိပ်စာအပြည့်အစုံ	-	31158,Deta Road,Falcon,Missouri (65470)
၁၂။	မိဘအမည်၊ အလုပ်အကိုင် နေရပ်လိပ်စာ	-	(ဘ)Jerome William Yettaw (Engineer, ၁၉၈၃ ကွယ်လွန်) (မိ)Elizabeth Bouchop Fogo (၁၉၇၈ ကွယ်လွန်)
၁၃။	ဇနီးအမည် အလုပ်အကိုင်၊ နေရပ်လိပ်စာ	-	Betty Yettaw (မှီခို) အတူနေ
၁၄။	ပါဝင်ခဲ့သည့်အဖွဲ့အစည်း	-	စစ်မှုထမ်း နှစ်နှစ်လုပ်ကိုင်ခဲ့ဖူးသည်

ရန်ကုန်ယူနိုက်တက် F.C တွင် ကစားမည့် ပြည်ပအားကစားသမားငါးဦး ရောက်ရှိ

ရန်ကုန် မေ ၁၃

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်မည့် ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C အသင်းတွင် ပါဝင်ကစားရန် ကင်မရွန်းကစားသမားလေးဦးနှင့် အိုင်ဗရီကို့စ်ကစားသမားတစ်ဦးတို့သည် မေ ၁၀ ရက်ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်ယူနိုက်တက် F.C အသင်းအုပ်ချုပ်သူ ဦးအောင်ကျော်လွင်၊ နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် Air Bagan မှ လေယာဉ်မယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကစားသမားများ

ရန်ကုန်ယူနိုက်တက် F.C တွင် ပါဝင်ကစားမည့် ယင်းကစားသမား ငါးဦးမှာ ထိုင်းကလပ် ဘီစီထရိတယ်ရီဆက်နာအသင်းမှ ကစားသမားများဖြစ်ပြီး တိုက်စစ်မှူးနှစ်ဦး၊ ဗဟိုနောက်ခံလူ တစ်ဦး၊ ဘယ်နောက်ခံလူ တစ်ဦးနှင့် ကွင်းလယ်အဖျက်တစ်ဦးတို့ ဖြစ်ကြသည်။ အဆိုပါ ကစားသမားများကို ရန်ကုန်ယူနိုက်တက် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း ကိုယ်တိုင် ဗန်ကောက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ခြင်းဖြစ်ပြီး အေးဂျင့်မှတစ်ဆင့် ခေါ်ယူခဲ့ခြင်းမဟုတ်ဘဲ အသင်းအချင်းချင်း ဆက်သွယ်ကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းပြည်ပကစားသမားငါးဦးကို မကြာမီရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး မေ ၁၁ရက်မှစ၍ ရန်ကုန်ယူနိုက်တက် F.C နှင့် လေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။ ပြည်ပကစားသမား ငါးဦးထဲမှ တိုက်စစ်မှူး Missipo မှာ ယူအေအီးကလပ် AL Ain တွင် ကစားခဲ့ဖူးသူဖြစ်ကြောင်းလည်းသိရသည်။ (မြန်မာ့အလင်း)

	အမည်	နိုင်ငံ	အရပ်	ကိုယ်အလေးချိန်	အသက်	ကစားသည့်နေရာ
1.	Missipo	ကင်မရွန်း	၅ပေ ၁၁လက်မ	၇၈ ကီလို	၂၂	တိုက်စစ်မှူး
2.	Keraabroul	အိုင်ဗရီကို့စ်	၆ပေ ၁လက်မ	၇၇ ကီလို	၂၁	ဗဟိုနောက်ခံလူ
3.	Djomahi Wyllian	ကင်မရွန်း	၅ပေ ၈ လက်မ	၆၈ ကီလို	၂၂	ဘယ်နောက်ခံလူ
4.	Bayi Thierry	ကင်မရွန်း	၆ပေ	၇၉ ကီလို	၂၀	တိုက်စစ်မှူး
5.	NJoh Lebeau	ကင်မရွန်း	၅ပေ ၁၀ လက်မ	၇၃ ကီလို	၂၀	ကွင်းလယ်အဖျက်

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ပုဏ္ဏားကျွန်း၌ ဆောင်ရွက်

ပုဏ္ဏားကျွန်း မေ ၁၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဦးမြင့်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)သည် ရခိုင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေနှင့် စစ်တွေခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းတန်အောင်တို့ လိုက်ပါလျက် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးနှင့် မြို့နယ်အတွင်းရှိ ကွန်းတောင်ကျေးရွာအုပ်စု၊ အောင်ဖြူပြင်ကျေးရွာအုပ်စု စာကြည့်တိုက်များဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ဧပြီ ၂၄ရက်နှင့် ၂၅ရက်တို့က ကြည့်ရှုစစ်ဆေးကာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စံ(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

မင်းလှမြို့နယ်၌ ဖိုးရာဇာစာကြည့်တိုက်ဖွင့်

မင်းလှ မေ ၁၃

သာယာဝတီခရိုင် မင်းလှမြို့နယ် လွှင်ပြင်ကျေးရွာ ဖိုးရာဇာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၆ရက် နံနက် ၁၁နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ မြို့နယ်အတွင်းရေးမှူး ဒေါ်နွယ်နီနီ၊ ရပ်မိရပ်ဖ ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ တိုင်းဦးစီးမှူးဦးတင်အောင်ညွန့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေလေ့လာဖတ်ရှုခြင်းအကျိုးကျေးဇူးအကြောင်း ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာအုပ်စာစောင်မျိုးစုံ ၅၀၊ မြို့နယ်အတွင်းရေးမှူး ဒေါ်နွယ်နီနီက ငွေကျပ် တစ်သောင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းတင်က စာအုပ် ၅၀ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

သတိပြုရန်

အဝေးပြေးလမ်းမကြီးများပေါ်တွင် ယာဉ်မောင်းသူများ ယာဉ်အချက်ပြမီးအသုံးပြုမှုကို အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်-

"လက်ယာဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ယာဘက် ယာဉ်ကြောပြောင်းရန်(သို့မဟုတ်)လက်ယာနံဘေးသို့ ကပ်ရန်၊ မိမိယာဉ်၏ လက်ယာဘက် အချက်ပြမီးဖြင့် အချက်ပြရမည်။ လက်ဝဲဘက်သို့ ကွေ့ရန် (သို့မဟုတ်) လက်ဝဲဘက် ယာဉ်ကြောသို့ပြောင်းရန်(သို့မဟုတ်) လက်ဝဲနံဘေးသို့ကပ်ရန်၊ မိမိယာဉ်၏ လက်ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြရမည်။ နောက်မှ ယာဉ်အား ကျော်တက်နိုင်ကြောင်း မိမိယာဉ်၏ လက်ယာဘက်အချက်ပြ မီးဖြင့် အချက်ပြရမည်"

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

● ရှေ့ဖုံးမှ

ပုံမှန်လုပ်ကိုင်

ဖျာပုံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာရှိသည်။ ကျေးရွာတိုင်းတွင် ပုံမှန်နေထိုင်လှုပ်ရှား အသက်မွေး ဝမ်းကျောင်းအလုပ်များ လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။

"သဘာဝဘေးဒဏ် ကျရောက်ရင် အကာအကွယ်ပေးနိုင်ဖို့အတွက် ဖျာပုံမြို့နယ်အတွင်းမှာ Cyclone Shelter တွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ ခမောင်းဆိပ်၊ ဒေါင်ငြိမ်းရွာနဲ့ အမာမြို့တွေမှာ တည်ဆောက်ပေးနေတာပါ။ နောက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ဖို့ အသိပညာပေး ဆွေးနွေးပွဲတွေကို ကျေးရွာတွေမှာ ၁၅ရက် တစ်ကြိမ် ပြုလုပ်ပေးလျက် ရှိပါတယ်။ ဒါမှ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရင် ဒေသခံတွေအနေနဲ့ ဘေးကင်းရာကို ဘယ်လိုရှောင်တိမ်း ခိုလှုံရမယ်ဆိုတာ သိကြမှာပါ"ဟု ဦးကျော်ထင်က ဆက်လက်ရှင်းပြသည်။

ကျွန်းပတ်တာ

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့ မြို့ကုန်းကျွန်းပတ်တာ ဖောက်လုပ်ထားမှုကိုလေ့လာရန် ထွက်ခွာခဲ့သည်။ အနောက်တောင်ဘက်မှ မိုးသားတိမ်လိပ်များ တက်လာသည်ကို တွေ့ရသဖြင့် ဧရာဝတီတိုင်းသည် မုတ်သုံအဝင်စောပြီး မိုးများ ဆက်တိုက်ရွာတော့မည်လောဟု တွေးဆမိသည်။ ဧရာဝတီတိုင်းအတွင်း နေရာဒေသအချို့တွင် မိုးများရွာသွန်းနေလေပြီ။

သွားလာနိုင်

မြို့ကုန်းကျွန်းပတ်တာသည် အရှည်ပေ ၄၈၀၀ကျော်ရှိပြီး အမြင့် ရှစ်ပေရှိသော မြေသားတာပေါင် ဖြစ်သည်။ လောလောဆယ်တွင် ဆိုင်ကယ်၊ ထော်လာဂျီတို့ သွားလာနိုင်ပြီး ဒေသခံများက ကျွန်းပတ်တာပေါ်မှ သွားလာနေကြသည်ကို မြင်တွေ့ရသည်။ မြို့ကုန်းကျွန်းပတ်တာသည် အုတ်တွင်း၊ ဘုရားကုန်း၊ ဝါးချောင်း၊ ဝဲကြီးနှင့် ဒေးဒလူ ကျေးရွာများကို ဖြတ်သန်း ဖောက်လုပ်ထားခြင်း ဖြစ်သည်။ ရေငန်တားနိုင်သည့် အပြင် သဘာဝဘေး ကြုံတွေ့ရပါက ဤကျွန်းပတ်တာကိုအသုံးပြုပြီး ဘေးကင်းရာသို့ အချိန်မီ ရှောင်တိမ်းနိုင်ကြမည် ဖြစ်သည်။

ကျေးဇူးတွေးမိ

မြို့ကုန်း ကျွန်းပတ်တာတစ်လျှောက် လယ်ယာမြေများအတွက်လည်း ရေငန်တားပြီးဖြစ်ရာ စိုက်ပျိုးရေးအတွက် ထိခိုက်နိုင်စရာ မရှိတော့ချေ။ ဒေးဒလူကျေးရွာအနီးမှ ပြန်လှည့်လာပြီး မြို့ကုန်းကျွန်းပတ်တာ၏ အကျိုးကျေးဇူးများကို တွေးနေမိသည်။ ဤကျွန်းပတ်တာသည် နွေ၊ မိုး၊ ဆောင်း ရာသီဥတုမရွေး သွားနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည် ဖြစ်သည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့ ဖျာပုံ-ကျုံကဒွန်းလမ်းပြုပြင် ဖောက်လုပ်နေမှုလုပ်ငန်းများ လေ့လာရန် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ ဖျာပုံမှ ကျုံကဒွန်းအထိ ၁၅မိုင် ကျော်ရှည်သည့် လမ်းဖြစ်သည်။ လမ်းတစ်လျှောက် မြေသားတာပေါင် ထပ်ပိုးလုပ်ငန်းများ အပြီးသတ်ပြုလုပ် နေကြသည်ကို တွေ့ရသည်။ ဤလမ်းသည်လည်း ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ပြီး ဒေသခံတို့ သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် အသုံးဝင်သည့်လမ်းလည်း ဖြစ်သည်။

ပြုပြင်နေ

ကျုံကဒွန်းရောက်သည့်အခါ အမာမြို့သို့ ဆက်သွယ် ဖောက်လုပ်ထားသည့် ကျုံကဒွန်း-အမာ ကားလမ်းပိုင်းကို လေ့လာရန် ဆက်လက်ထွက်ခွာခဲ့သည်။

"ဖျာပုံမြို့နယ်အတွင်းမှာ ကမ်းပတ် တာတွေ၊ ကျွန်းပတ်တာတွေနဲ့ နေအိမ်အသစ်တွေ တည်ဆောက်ပေးနိုင်ခဲ့ပါပြီ"

ဦးကျော်ထင်

ဥက္ကဋ္ဌ၊ ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဖျာပုံ-အမာ ကားလမ်းပေါ်တွင် ဤသို့ ချောင်းကူးတံတားများကိုလည်း တည်ဆောက်ပေးထားသည်။

(မြန်မာ့အလင်း)

ကျုံကဒွန်း-အမာကားလမ်းမှာ မြေသားလမ်းဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူကာ ပျက်စီးသည့်နေရာများ ပြုပြင်နေသည်ကို မြင်တွေ့ရသည်။

ကြံ့ခိုင်ရေး

ကျုံကဒွန်း-အမာ ကားလမ်းပေါ်ရှိ ဝါးကျောင်း(ဒေးဒလူ) ဘေလီတံတားသို့ ရောက်ရှိခဲ့ကြသည်။ တစ်လမ်းသွား သံပေါင်သစ်သားခင်း တံတားဖြစ်သော်လည်း ခိုင်ခံ့သဖြင့် ပြီးခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးမှု အနည်းအကျဉ်းသာ ဖြစ်ခဲ့သည်။ ယခုအခါ တံတားကြံ့ခိုင်ရေးများ ပြန်လည်ပြုလုပ်ထားပြီး ဖြစ်သဖြင့် အန္တရာယ်ကင်းစွာ သွားလာနိုင်လျက်ရှိ သည်။ ဝါးကျောင်း (ဒေးဒလူ) တံတားအရှည်မှာ ပေ ၄၀၀ရှိသည်။ တံတားပေါ် ဖြတ်လျှောက်စဉ် မြစ်များ၊ လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသောလေကို တစ်ဝကြီးရှူရှိုက်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုမိသည်။ ရှေ့နောက်ဝဲယာလယ်ကွင်းများ၊ မြစ်ချောင်းများနှင့် ခပ်လှမ်းလှမ်းတွင် သွပ်အသစ်များ ဖွေးဖွေးဖြင့် လူနေအိမ်သစ်များ။

ရာသီမရွေး

ဖျာပုံမြို့နယ်အတွင်း၌ ရွာချင်းဆက်လမ်းများ၊ မြို့နှင့်ရွာချင်းဆက် လမ်းများကို စနစ်တကျ ဖောက်လုပ်နိုင်ခဲ့သဖြင့် ရာသီမရွေး၊ နွေညမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ခဲ့ကြပြီ။

ကျုံကဒွန်း-အမာ လမ်းတစ်လျှောက် ကျောက်ကြမ်းများခင်းထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဤလမ်းကြောင့် အမာ-ဖျာပုံ-ရန်ကုန် ကျောက်ချောလမ်းပွင့်သွားအောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ ကျုံကဒွန်း-အမာလမ်းမှ အပြန်တွင် ဖျာပုံမြို့နယ်နှင့် ဆက်စပ်နေသောလမ်းများ အကြောင်းကို တွေးနေမိသည်။

ဖွံ့ဖြိုးတိုးတက်မှု

ဖျာပုံ-အမာကားလမ်း၊ ၁၂မိုင်ကျော်ရှည်သည့် ဖျာပုံ-ဘိုကလေးကားလမ်း၊ ၁၁ မိုင်ရှည်လျားသည့် ဖျာပုံ-ကျိုက်လတ်ကားလမ်း၊ ၁၅ မိုင်ကျော်ရှည်သည့် ဖျာပုံ-ဒေးဒရဲကားလမ်းများကား ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို အဓိကဖြည့်ဆည်းပံ့ပိုးပေးထားသဖြင့် သဘာဝဘေးဒဏ် ကြုံတွေ့ခံစားခဲ့ရသော်လည်း လျင်မြန်စွာ ရုန်းထနိုင်ခဲ့ခြင်း ဖြစ်သည်ဟု လက်တွေ့မြင်တွေ့ခဲ့ရပြီ ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ရေလွှမ်းမှုဒဏ်နှင့် ရေငန်တားမှုအတွက် ဖျာပုံမြို့နယ် မြို့ကုန်းကျွန်းပတ်တာ ဖောက်လုပ်ပြီးနေမှုကို ဤသို့မြင်တွေ့ရသည်။

(မြန်မာ့အလင်း)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး
ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို မေ ၃၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ကျင်းပမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၂/၀၉)ကို မေ ၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)၊ 3rd Floor Function Hall တွင်ကျင်းပမည်ဖြစ်ပြီး ဒေါက်တာဆွေဆွေအေးမှ Architectural Education ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် Registered Architect များ မပျက်မကွက် (မပျက်မကွက်)တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ် သိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀သို့လည်းကောင်း၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁- ၁၆၉၈၂ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။

(ဗိသုကာအသင်း)

MNL CUP ဘောလုံးပြိုင်ပွဲ လက်မှတ်များ ယနေ့စတင်ရောင်းချမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲ၏ ဘောလုံးပွဲလက်မှတ်များကို မေ၁၄ရက် **(ယနေ့)** မှစ၍ စတင်ရောင်းချသွားမည်ဖြစ်သည်။

သတ်မှတ်

မေ၁၆ရက်မှ ဇူလိုင်၅ရက်အထိ ကျင်းပမည့် MNL CUP (Grand Royal 2009) ဘောလုံးပြိုင်ပွဲလက်မှတ်များကို သုဝဏ္ဏ Goal ဟိုတယ်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ဖုန်း- ၅၇၇၃၆၆၊ ၅၆၁၅၃၉၊ ၀၉-၂၀-၂၉၀၁၀၊ ၀၉-၅၀-၈၂၆၆၂နှင့် ၀၉-၅၁-၃၄၈၈၆သို့လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရသည်။ ထို့အပြင် အထူးအစီအစဉ်အဖြစ် မေ၁၄ရက်တွင် စူပါမော်ဒယ်လေးများက အထူးမော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ လူစည်ကားရာနေရာများသို့ ပြိုင်ပွဲနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဝေငှသွားမည်ဖြစ်ပြီး ဘောလုံးပွဲလက်မှတ်များကို ရောင်းချပေးသွားမည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာ သတ်မှတ်ထားသည်။

ဖွင့်ပွဲ

MNL CUP ဘောလုံးပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် မေ ၁၆ရက်တွင် သုဝဏ္ဏကွင်း၌ ဧယျာရွှေမြေ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C တို့ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း ခမ်းနားစွာဖွင့်လှစ်သွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနား မစတင်မီ နာမည်ကြီးတီးဝိုင်းနှင့်အတူ နာမည်ကြီးအဆိုတော်များက သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စာစောင်များ လှူဒါန်း

လားရှိုး မေ ၁၃

အကျဉ်းဦးစီးဌာန လားရှိုးအကျဉ်းထောင်သို့ စေတနာရှင်များက သတင်းစာ၊ စာစောင်၊ ဂျာနယ်နှင့် ဗလာစာအုပ်၊ ခဲတံများလှူဒါန်းခြင်း အခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ အကျဉ်း ဦးစီးဌာနလားရှိုး ထောင်ပိုင်ကြီး ဦးတင်မောင်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး) က လက်ခံယူသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ပြည်နယ်ဦးစီးမှူး ဦးလှကျော်ဦးက သတင်းစာစောင်ရေ ၂၀၀နှင့် ဂျာနယ်မျိုးစုံ ၁၀၀၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက လယ်ယာစီးပွားသတင်း ဂျာနယ် ၅၀၊ စာအုပ်စာစောင် ၁၀အုပ်၊ ခဲတံ ၁၀၅ချောင်း၊ လားရှိုးကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံဦးဇော်လွင်က သတင်းစာစောင်ရေ ၂၀၀၊ ဂျာနယ်မျိုးစုံ ၁၀၀၊ နယ်စပ်စည်ပင်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ခင်မြင့်ဝေတို့က ဗလာစာအုပ် ၄၀၀နှင့် ခဲတံအချောင်း ၂၀၀၊ ပြည်နယ်ပညာရေးဝန်ထမ်းများက ဗလာစာအုပ် ၅၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အလှူရှင်များကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြည်နယ်ဦးစီးမှူး ဦးလှကျော်ဦးက လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(လားရှိုးကိုယ်ပွား)**

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒသာသနာနုဂ္ဂဟအသင်း၏ ပထမအကြိမ် ထေရဝါဒဓမ္မသဘင်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း သင်တန်းကျောင်းကြီး ရန်ပုံငွေအတွက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism)၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို မေ ၁၅ ရက်မှ ၁၇ရက်အထိ ညစဉ်၇နာရီမှစ၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း သင်တန်းကျောင်း၌ ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောက်ကိုမီး၏

ရှင်းလင်းတင်ပြ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့် မတ်၃၁ရက်က ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဝမ်းတွင်းမြို့နယ်အပိုင်းမိုင်တိုင် အမှတ် ၇၅/၀မှ မိုင်တိုင်အမှတ် ၈၃/၀ အတွင်း ကျောက်ချောလမ်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ ကျောက်ချောလမ်း အခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျုံးလှန်ဗိုင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း မင်္ဂလာဒုံမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် မေ ၁၃

မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က သဃ်န်းကျွန်းကြီးကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းလှနှင့် စာထောက် (၃) ဒေါ်သန်းသန်းအေးတို့က စာကြည့်တိုက်ပညာ ဆင့်ပွားပို့ချပေးရာ သဃ်န်းကျွန်းကြီး၊ မြရတနာ၊ ကာယ၊ သစ်ဆိမ့်ကုန်းနှင့် ကျောင်းကြီး ကျေးရွာတို့မှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရှေးဦးသူနာပြု နည်းပြမွမ်းမံသင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်ထိန်းဌာနခွဲမှူး ရဲမှူးစိုးမြင့်ဦးသည် မေ ၁၂ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းပေါ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်း (အင်းစိန် GTI) ၌ ရန်ကုန်တိုင်း ၄၅ မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီး၈၅ဦး တက်ရောက်လျက်ရှိသည့် ကြက်ခြေနီ ရှေးဦးသူနာပြု နည်းပြမွမ်းမံသင်တန်းသို့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုကင်းဝေးစေရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေး ဟောပြောပို့ချခဲ့သည်။ **(အောက်ပုံ)**

(ယာဉ်စည်းကမ်းထိန်းသိမ်းရေး)

မိုင်းဖြတ်၌ ပန်းနုဝေ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် မုန့်ဗီရိုနှင့် စာအုပ်စာစောင်များလှူဒါန်း

မိုင်းဖြတ် မေ ၁၃

မိုင်းဖြတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဆွပ်ပန်းကျေးရွာ ပန်းနုဝေ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက်၁၁နာရီခွဲက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်စန်းရီတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက စာအုပ်စာစောင် ၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က မဂ္ဂဇင်းစာအုပ်၅၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်စန်းရီက မဂ္ဂဇင်းစာအုပ်၂၀၊ ရွာလူကြီးဦးကျော်အေးက မုန့်ဗီရိုတစ်လုံး၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးအရာရှိ ဦးချစ်သိန်းက သာ-ထွန်း-ပြန့် စာအုပ်၃၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက မဂ္ဂဇင်းစာအုပ်၂၀ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

14-5 (13).pmd 1 5/14/2009, 3:36 AM

စုလျားရစ်ပတ် လက်ထပ်မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးညွန့်ရွှေ-ဒေါ်မြင့်မြင့်ဆွေတို့၏သားကြီး
ဗိုလ်ကြီးကျော်သူရ B.Sc (Chemistry) (D.S.A)
တပ်မတော် (ရေ)
နှင့်
တောင်ငူမြို့နေ
ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး
တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသိန်း (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေး)-
ဒေါ်ခင်ဆွေညွန့်(အထက်တန်းပြဆရာမ)တို့၏သမီးကြီး
မစုစန္ဒာဆွေ(ခ)ဖူးဖူး [M.E (Civil), B.A (Eco)]

တို့၏ ၈-၅-၂၀၀၉ရက် (သောကြာနေ့)တွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ကျင်းပသည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မော်အား လည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မဆုပိုင်ဝင့်နှောင်းနှင့် မဆုပြည့်ဝင်းနှောင်း၊ မင်္ဂလာပန်းကြဲပေးသော မကေသီဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မယဉ်ယဉ်နုနှင့် မလွဲ့လွဲ့ခိုင်၊ သတို့သားအရံ ဗိုလ်ကြီးသန်းထိုက်စိုးနှင့် ဗိုလ်ကြီးဇော်ဇော်၊ သတို့သမီးအရံ ဒေါက်တာထွေးနန္ဒာဖေနှင့် မကြည်သာဦး၊ မိတ်ကပ် ခင်စန်းဝင်း၊ ဝတ်စုံ ပြည်စိုးအောင်၊ ပန်းအလှပြင် ကိုခင်မောင်ဝင်းနှင့်ကိုဝင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော For You နှင့် Alpha အဖွဲ့၊ အခမ်းအနားမှူး ဦးကျော်သက်လင်း(မြန်မာ့အသံ)၊ Friend တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ပေးသော နှစ်ဖက်သောမိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများနှင့်မင်္ဂလာအခမ်းအနားပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများဖြစ်သည့် ဦးအောင်သူလင်း၊ အန်တီ ကြေးမုံနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်သူရ-မစုစန္ဒာဆွေ။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စက်မှု(၄)လမ်း၊ အမှတ် (၁၉၂/ခ)နေ
ဦးတင်ရွှေ-ဒေါ်ခင်ငွေ တို့၏သားငယ်
မောင်ခိုင်သိန်းစိုး B.C. Tech U.C.S.Y
Technical Engineering (Dynasafe Technologies Pte., Ltd. Singapore)
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း(ဝင်ဒါမီယာ)၊ ခြံအမှတ် (၁၂၇/စီ)နေ
ဦးသန်းအောင်-ဒေါ်မြင့်မြင့်ကြည်တို့၏သမီးဦး
မသင်းသင်းအောင် B.E (Electronics) Y.T.U, B.C.Sc, U.C.S.Y
Graduated Dip.in Communication and Information Technology (NTU)
Assistant Engineer (Invento Engineers Pte., Ltd. Singapore)

တို့၏ ၁၀-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့) Summit Parkview Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)နှင့်ဇနီး ဒေါ်မြညွန့်၊ ၇-၅-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားရုံး တရားရေးဦးစီးအရာရှိ ဦးမင်းသိန်း၊ မင်္ဂလာ အခမ်းအနားမှူး ဒေါ်ခင်မိုးဦး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မရွှန်းပြည့်အိမ်၊ မင်္ဂလာပန်းကြဲခြင်းနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဗန်းကိုင်ဆောင်ပေးသော မဆုဆုအောင်၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင် အောင်အောင်(တောင်ကြီး)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခိုင်သိန်းစိုး-မသင်းသင်းအောင်။

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ခ/၆၂၇၃ ၏ အခွန်ကျေစာရွက်အစိမ်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၇၆၁၄၆။



ROYAL FOUR SEA SERVICE Co., Ltd. မှ ယူအေအီးနိုင်ငံတွင်
အလုပ်လုပ်ရန် ယာဉ်မောင်းနှင့် လုံခြုံရေးဝန်ထမ်းများ အမြန်အလိုရှိပါသည်

အမှတ်စဉ်	လုပ်ငန်းအမျိုးအစား	အခြေခံလစာ	ဦးရေ	မှတ်ချက်
၁။	Light Driver	AED2000~ AED8000	(၅၀) ဦး	မိမိကြိုးစားမှုပေါ်မူတည်၍ရမည်။
၂။	Bus Driver	AED4000	(၁၀) ဦး	ကားကြီးမောင်းလိုင်စင်ရှိရမည်။
၃။	Truck Driver	AED4000	(၁၀) ဦး	ကားကြီးမောင်းလိုင်စင်ရှိရမည်။
၄။	Limousine Driver	AED3000	(၁၀) ဦး	အင်္ဂလိပ်စကားပြောနိုင်ရမည်။
၅။	လုံခြုံရေးဝန်ထမ်း	AED1500	(၅၀) ဦး	အင်္ဂလိပ်စကားပြောနိုင်ရမည်။

ဖော်ပြပါလုပ်ငန်းအားလုံးအတွက် လုပ်ငန်းကာလ(၃)နှစ်အထိ တာဝန်ထမ်းဆောင်နိုင်ရမည်။

အသေးစိတ်သိရှိလိုပါက-

Royal Four Sea Service Co., Ltd.
အမှတ် ၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(သီတာလမ်းမှတ်တိုင်အနီး)၊ ဖုန်း-၀၁-၅၄၂၄၄၉၊ ၀၁-၅၅၂၁၁၆၊ ၀၁-၅၅၇၉၁၆
H/P-09-51-45758, 09-51-79219

လက်ထပ်ပြီးစီးခြင်း

မတ္တရာမြို့၊ အမှတ် ၂၊ ဘူတာရပ်နေ
ဦးလှသန်း (မွေး/ကု-ငြိမ်း) - ဒေါ်မြင့်မြင့်နွယ်
တို့၏ တစ်ဦးတည်းသောသား
ဒုရဲအုပ် သန်းထိုက်
B.Sc (Bot;) Q ရန်ကုန်တိုင်းရဲတပ်ဖွဲ့
နှင့်
မန္တလေးမြို့၊ အမှတ် ၄၆၊ ရန်ကင်းလမ်း၊ မင်္ဂလာဥယျာဉ်ရပ်၊ နန်းရှေ့နေ
(ဦးသောင်းမြင့်)-ဒေါ်လှဝင်း(Single Lion Computer Center)
တို့၏သမီးငယ်
မဝေဝေနိုင်
LL.B (LL.M), Dip. IT, L.C.C.I (Level I & II)

တို့သည် ၂၅-၄-၂၀၀၉ရက် (စနေနေ့)တွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
ကိုသန်းထိုက်-မဝေဝေနိုင်။

(၁၇)နှစ်မြောက် မင်္ဂလာဆုမွန်တောင်းလွှာ

၁၄-၅-၂၀၀၉ရက်တွင်ကျရောက်သော **ကိုဇော်ထွန်းဦး** နှင့် **မသီတာဝင်း**တို့၏ (၁၇)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဘဝခရီး တစ်လျှောက်လုံး လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်နှမများ။

မောင်အောင်သူရ (ဘ)ဦးဇော်ဝင်း (ရှမ်းရေကျော်ကျေးရွာ၊ မြောင်းမြမြို့နယ်)၊
မသက်သက်နိုင် (ဘ)ဦးနိုင်ဝင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် ၃၄၇နေ ဦးနိုင်ဝင်း-ဒေါ်တုတုအောင်တို့၏ စတိုးဆိုင်ဝန်ထမ်းဖြစ်သူ မြောင်းမြမြို့နယ်၊ ရှမ်းရေကျော်ကျေးရွာနေ ဦးဇော်ဝင်း-ဒေါ်သိန်းမြင့်တို့၏သား မောင်အောင်သူရက ၈-၅-၂၀၀၉ရက် ည ၈နာရီခန့်တွင် နေအိမ်ရှိ ရွှေထည်ပစ္စည်း သိန်း ၂၀ခန့်ကိုယူဆောင်လျက် ဦးနိုင်ဝင်း-ဒေါ်တုတုအောင်တို့၏ သမီးဖြစ်သူ မသက်သက်နိုင်ကိုပါ ဖြားယောင်းသွေးဆောင်ခေါ်ယူသွားပြီး ရှောင်တိမ်းနေကြောင်း သိရပါသည်။

သို့ဖြစ်၍ ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မောင်အောင်သူရမှ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးနိုင်ဝင်း-ဒေါ်တုတုအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်သိန်း(LL.B)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၀၊ ပထမထပ်၊ အခန်း ဒီ(၁)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖခင်အမည်မှန်

အထက(၄) စမ်းချောင်းနေ အဌမတန်း (B)မှ မောင်ချစ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစီတိုး ၁၂/ဥကမ(နိုင်)၀၈၂၇၀၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ် အမက(၂၈) စတုတ္ထတန်းမှ မောင်ကောင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖ ဦးကျော်ကျော်၏ သား ကေတုမတီ အထက နဝမတန်း(C)မှ မောင်ဇော်ဝိတ်အား မောင်ကောင်းဆက်ဟုလည်းကောင်း။

အဖ ဦးကျော်ကျော်၏ သမီး ကေတုမတီ အထက အဌမတန်း(B)မှ မဝေဝေပိုင်အား မယုလင်းမီဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဆက်၊ မယုလင်းမီ။

စာအုပ်
စာပေ
လူ့မိတ်ဆွေ

Yangon City Guide 2009 ထွက်ရှိ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့၏နေရာအားလုံးကို ရင်းနှီးကျွမ်းဝင်စွာ သွားလာတတ်စေရန်၊ ဘတ်စ်ကားစီးတတ်စေရန်နှင့် တစ်ယောက်တည်း ရန်ကုန်မြို့၌ သွားလိုရာ စတိုင်ကျကျ သွားလာတတ်စေရန် မရှိမဖြစ်လိုအပ်သော Yangon City Guide 2009 ကို နိုင်ငံတကာအဆင့်မီ အရည်အသွေးဖြင့် ထုတ်ဝေလိုက်ကြောင်း သိရသည်။

Tourist Information များ၊ အဝေးပြေးယာဉ်လိုင်း ထွက်ခွာချိန်များ၊ စီးပွားရေးလုပ်ငန်းလိပ်စာများ၊ အစိုးရရုံးဖုန်းနံပါတ်များ၊ အထင်ကရနေရာ များ၏ တည်နေရာပြ မြေပုံနံပါတ်အညွှန်းများ၊ သံရုံး၊ NGOs များ၏ ဖုန်းနံပါတ်များကို ဖော်ပြပေးထားသည်။ ရန်ကုန်တစ်မြို့လုံး၏ လမ်းမြေပုံအသေးစိတ်ကို လှပသပ်ရပ်စွာရေးဆွဲထားပြီး အထင်ကရအဆောက်အအုံ၊ အိမ်ရာ၊ ပန်းခြံ၊ စားသောက်ဆိုင်၊ ဘုန်းကြီးကျောင်း၊ အစိုးရရုံး၊ ဆေးရုံ စသည်ဖြင့် အသေးစိတ်ဖော်ပြထားသည်။

တစ်မြို့လုံးရှိ ဘတ်စ်ကားမှတ်တိုင်များ၊ မှတ်တိုင်ရပ်ကားနံပါတ်များ၊ ယာဉ်လမ်း ကြောင်းများလည်း မြေပုံပေါ်၌ ထည့်သွင်းထားသည်။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖော်ပြပေးထားသဖြင့် နိုင်ငံသားများ၊ နိုင်ငံခြားသား များပါ အသုံးဝင်သည်။

တစ်အုပ်လုံးကို ကာလာစုံကြွေစက္ကူဖြင့် ရိုက်နှိပ်ထားပြီး ကုမ္ပဏီလုပ်ငန်းများသို့ အခမဲ့ဖြန့်ဝေပေးကာ ဝယ်ယူသုံးစွဲလိုသူများအတွက် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်များနှင့် Super Market များတွင် ဝယ်ယူနိုင်သည်။ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း-၂၉၅၅၅၆၊ ၃၉၇၂၄၆ နှင့် ၀၉-၅၀-၈၃၂၈၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့ ကလေး၌ကျင်းပ

ကလေး မေ ၁၃

(၆၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ကလေးခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပရာ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးတပ်နယ်မှဗိုလ်မှူးကြီးအောင်စန်းချစ်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

လူတုပ်ကွေးရောဂါအကြောင်း ဟောပြောပွဲ ဗိုလ်တထောင်မြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၁၃

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်း ကြိုတင်အသိပေးဆွေးနွေးပွဲကို မေ ၁၂ရက်နံနက်က ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်က တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းဆိုင်ရာများ အသိပေးရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာ အိုင်တီထုတ်လုပ်မှုပုံရိပ်လွှာ

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အိုင်တီနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိရာ အချိန်နှင့်အမျှ အသစ်ထုတ်လုပ်နေသည့် အိုင်တီထုတ်ကုန်များကို အင်တာနက်မှရယူ ဖော်ပြလိုက်ပါသည်-

မျိုးဆက်သစ်ပုံဖော်စက်

X- ၄၃၁စူပါစကင်နာကို တရုတ်နိုင်ငံမှ အိုင်တီပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ခြင်း ဖြစ်သည်။ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့်အပြင် အလင်းလှိုင်း စွမ်းအားဖြင့် အလုပ်လုပ်နိုင်စွမ်းရှိသည်။ ပုံဖော်စက်ကဲ့သို့ အသုံးပြုနိုင်သည့်အပြင် မိတ္တူကူးစက်ကဲ့သို့လည်း အသုံးပြုနိုင်သည်။ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သလို ဘက်ထရီအားဖြင့်လည်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးထားသည်။ လက်ကိုင်အသုံးပြု၍ရသည့် သေးငယ်သော ပုံဖော်စက်ဖြစ်သည်။ (ဝဲပုံ)

လူသားစက်ရုပ်

လူတစ်ဦးနီးပါးဝန်ဆောင်မှုပေးနိုင်သော စက်ရုပ်တစ်ရုပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့မှ အိုင်တီပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။ ဆာယာဟု အမည်ပေးထားသော အဆိုပါစက်ရုပ်ကို တိုကျိုတက္ကသိုလ်မှ သိပ္ပံပါမောက္ခ ဟီရိုရှီကိုဘာယာရှီက တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ အဆိုပါစက်ရုပ်သည် လူတစ်ဦးကဲ့သို့ စကားပြောဆိုနိုင်ခြင်း၊ ရယ်မောနိုင်ခြင်း၊ မျက်နှာကိုဘယ်ညာကြည့်နိုင်ခြင်း၊ အိမ်မှုကိစ္စများဆောင်ရွက်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း သိရသည်။ **(ယာပုံ)**

အင်တာနက် ကျန်းမာရေး

ကိုယ်အလေးချိန် လျှော့ချပြီးလျှင် အမျှင်ပါသော အသီးအရွက်များကို စားသုံးသင့်

ကိုယ်အလေးချိန်လျှော့ချသူများအနေဖြင့် ကိုယ်အလေးချိန်လျှော့ကျသွားသည့်နောက်ပိုင်း အမျှင်ပါသော ဟင်းသီးဟင်းရွက်များကိုသာ ဦးစားပေးစားသုံးသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အကျိုးပြု

အမျှင်ပါသည့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များသည် အသားများ စားသုံးခြင်းထက် ပိုမိုထူးခြားသောဓာတ်များပါရှိရာ အဝလွန်သူများအတွက် အကျိုးပြုစေနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့အတူ ကိုယ်အလေးချိန် လျှော့ချပြီးသည့်အခါ အစားအသောက်ကို ချင့်ချိန်စားသောက်ရာတွင် အမျှင်ပါသော အစားအစာများကိုမစားပါက ခန္ဓာကိုယ်တွင်းရှိ တစ်သျှူးများ သန့်စွမ်းခြင်းမရှိနိုင်ဘဲ မလိုလားအပ်သော ကျန်းမာရေးပြဿနာများ နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်ကြောင်း ၎င်းတို့က သတိပေးထားသည်။

အမျှင်ပါသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးများတွင် ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီးနှင့် အခြားအသီးအရွက်များပါဝင်ကြောင်း၊ နေ့စဉ် ဦးစားပေး စားသုံးသင့်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လူဦးရေအများဆုံး တွေ့ဆုံနှုတ်ဆက်ပွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ရှန်ဟိုင်း အင်တာနေရှင်နယ်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ရှန်ဒီကျောင်းမှကျောင်းသားကျောင်းသူများ တွေ့ဆုံနှုတ်ဆက်ပွဲ တစ်ရပ်ကို မေ ၁၀ရက်က ကျင်းပရာ ကျောင်းသားကျောင်းသူပေါင်း ၅၁၀၂ဦးတို့ စုပေါင်းတွေ့ဆုံကာ လိပ်စာကတ်များ၊ ဖုန်းနံပါတ်များ အပြန်အလှန် လဲလှယ်ပေးအပ်ကာ လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။ ယင်းမှာ ကမ္ဘာပေါ်တွင်လူဦးရေအများဆုံး တွေ့ဆုံနှုတ်ဆက်ပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အရှည်ဆုံး ဆိုဖာထိုင်ခုံ

ဂရိနိုင်ငံ သီစာလိုနီကီမြို့ပြင်တွင် မြို့သူမြို့သားများဝိုင်းဝန်းပြုလုပ်ထားသော ဆိုဖာထိုင်ခုံကြီး၏ အရှည်မှာ ၆၄ဒသမ ၇၅မီတာရှိရာ ကမ္ဘာပေါ်တွင်အရှည်ဆုံး ဆိုဖာထိုင်ခုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝဒဿန

- ***Dare to do your duty always, this is the height of true valor.***
- *သင်၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် အမြဲရဲရင့်နေပါ။ ဤအချက်သည် မှန်ကန်သောသတ္တိ၏ အထွတ်အထိပ်ပင်ဖြစ်သည်။*

ချားလ်စ်ဆင်မ်မွန်စ်
(အမေရိကန်လူမျိုး ဘုန်းတော်ကြီးနှင့်စာပေသမား)

ဒိုမီနီကန်သမ္မတနိုင်ငံ....

သတင်းအက်ဆေး

ဒိုမီနီကန်သမ္မတနိုင်ငံသည် ကာရစ်ဘီယံဒေသရှိ ဟစ်စပါနီယိုလာကျွန်း၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိသည်။ ကျွန်း၏အနောက်ဘက်ခြမ်းတွင် အိမ်နီးချင်း ဟေတီနိုင်ငံတည်ရှိသည်။ ဟေတီနိုင်ငံကို တစ်ချိန်က ပြင်သစ်အုပ်ချုပ်သကဲ့သို့ ဒိုမီနီကန်သမ္မတနိုင်ငံကိုလည်း စပိန်က အုပ်ချုပ်ခဲ့သည်။

မြို့တော်အဖြစ်သတ်မှတ်

စပိန်နယ်သစ်ပယ်သစ် ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်သည် ဤကျွန်းသို့ ၁၄၉၂ခုနှစ်တွင် ရောက်ရှိခဲ့ပြီး စပိန်ငယ်ဟူ၍ အဓိပ္ပာယ်ရှိသည့် ဟစ်စပါနီယိုလာကျွန်းဟုအမည်ပေးလိုက်သည်။ ၁၄၉၆ခုနှစ်တွင် စပိန်တို့က စန်တိုဒိုမင်ဂိုမြို့၌ ကမ္ဘာ့အနောက်ခြမ်း၏ ပထမဆုံး စပိန် ကိုလိုနီနယ်သစ်ကို ဖွင့်လိုက်သည်။ နောက်ပိုင်းတွင် စန်တိုဒိုမင်ဂိုမြို့ကို အမေရိက စပိန် ကိုလိုနီနယ်အားလုံး၏ မြို့တော်အဖြစ် သတ်မှတ်သည်။

ရစ္စဝစ်စာချုပ်အရ ၁၆၉၇ခုနှစ်တွင် ဟစ်စပါနီယိုလာကျွန်း၏ အနောက်ခြမ်း(ဟေတီ)ကို စပိန်က ပြင်သစ်တို့လက် အပ်လိုက်ရသည်။ ၁၇၉၅ခုနှစ်တွင် ကျန်အရှေ့ခြမ်းကိုပါ ပြင်သစ်ကို ပေးလိုက်ရပြန်သည်။ တော်လှန်မှုများဖြစ်ပွားပြီးနောက် ၁၈၀၈ ခုနှစ်တွင် စန်တိုဒိုမင်ဂိုကို စပိန်က ပြန်ယူလိုက်သည်။

စပိန်အုပ်ချုပ်မှုကို ဒေသခံတို့က ၁၈၂၁ခုနှစ်တွင် တွန်းလှန်ပြီးနောက် ခေတ္တမျှ လွတ်လပ်ရေးရသလိုဖြစ်ချိန် ၁၈၂၂ခုနှစ်တွင် ဟေတီသမ္မတ ဘွိုင်ယာက စန်တိုဒိုမင်ဂိုမြို့ကို ဝင်သိမ်းသည်။ ၁၈၄၄ခုနှစ်တွင် ဘွိုင်ယာ အုပ်ချုပ်မှုကိုဖယ်ရှားပြီး လွတ်လပ်သော ဒိုမီနီကန်သမ္မတနိုင်ငံအဖြစ် ကြေညာသည်။

၁၈၆၁-၆၃ခုနှစ်တွင် သမ္မတဆန်တာနာက နိုင်ငံကို စပိန်တို့လက်ထဲ ပြန်အပ်သည်။ ပြည်တွင်းအင်အားစုများ၏ အုံကြွတော်လှန်မှုကြောင့် ၁၈၆၄ခုနှစ်ကုန်တွင် စပိန်တို့ လက်လွှတ်လိုက်ရသည်။

လုပ်ကြံခံရ

၁၈၆၅ခုနှစ်တွင် ဒုတိယအကြိမ် လွတ်လပ်သော ဒိုမီနီကန်သမ္မတနိုင်ငံကို ထူထောင်သည်။ ပြည်တွင်းမငြိမ်မသက်မှုကို အကြောင်းပြုပြီး အမေရိကန်တပ်များ ၁၉၁၆ခုနှစ်တွင် ဝင်သိမ်းသည်မှာ ၁၉၂၄ခုနှစ်အထိ ကြာရှည်သည်။ ၁၉၃၀ပြည့်နှစ်တွင် ရာဖဲလီယိုနီဒတ်က သမ္မတကိုဖယ်ရှားပြီး အာဏာရှင်စနစ် ထူထောင်သည်။ ၁၉၆၁ ခုနှစ်တွင် ရာဖဲလီယိုနီဒတ် လုပ်ကြံခံရသည်။

၁၉၆၂ခုနှစ်တွင် ဒိုမီနီကန်တော်လှန်ရေးပါတီ(ပီအာရ်ဒီ)ထူထောင်သူ ဂျူအန်ဘော့ရှ် သမ္မတအဖြစ် အရွေးခံရသည်။ နှစ်ပေါင်း ၄၀နီးပါးအတွင်း ပထမဆုံးသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲဖြစ်သည်။ ၁၉၆၅ခုနှစ်တွင် အင်အား ၃၀၀၀၀ရှိ အမေရိကန်တပ်များ ဤနိုင်ငံကို ကျူးကျော်ခဲ့သည်။

၁၉၆၆ခုနှစ်တွင် ဘာလာဂွာအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ သူသည် ပြုပြင်ရေးပါတီကို ခရစ်ယာန်လူမှုပြုပြင်ရေးပါတီ(ပီအာရ်အက်စ်ပီ)အဖြစ် ပြောင်းလိုက်သည့် ပါတီ၏ခေါင်းဆောင်ဖြစ်ပြီး ၁၉၇၀ပြည့်နှစ်၊ ၁၉၇၄ခုနှစ်၊ ၁၉၈၆ခုနှစ်၊ ၁၉၉၀ပြည့်နှစ်နှင့် ၁၉၉၄ခုနှစ်တို့တွင် ထပ်မံရွေးချယ်ခံရသည်။ ဤနိုင်ငံ၏ နိုင်ငံရေးလောကကို နှစ်ပေါင်း ၅၀ကျော် စိုးမိုးထားသူဖြစ်ပြီး ၂၀၀၂ခုနှစ် ဇူလိုင်လတွင် အသက် ၉၅နှစ်အရွယ်၌ ကွယ်လွန်သည်။

ဒိုမီနီကန်သမ္မတနိုင်ငံသည် ကာရစ်ဘီယံဒေသရှိ ဟစ်စပါနီယိုလာကျွန်း၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိ၊ ကျွန်း၏အနောက်ဘက်ခြမ်းတွင် အိမ်နီးချင်း ဟေတီနိုင်ငံ တည်ရှိ၊ ဟေတီနိုင်ငံကို တစ်ချိန်က ပြင်သစ်အုပ်ချုပ်သကဲ့သို့ ဒိုမီနီကန်သမ္မတနိုင်ငံကိုလည်း စပိန်က အုပ်ချုပ်ခဲ့။

၁၉၉၆ခုနှစ်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဒိုမီနီကန်လွတ်မြောက်ရေးပါတီ(ပီအယ်လ်ဒီ)ခေါင်းဆောင်ဖာနန်ဒက်သည် ၂၀၀၄ခုနှစ် ရွေးကောက်ပွဲတွင် ထပ်မံအောင်ပွဲခံသူဖြစ်သည်။ သူသည် ရှေ့နေနှင့် တက္ကသိုလ်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်ဘာသာစကားများကို ပြောဆိုနိုင်သူဖြစ်သည်။

ဖမ်းစားထားနိုင်

ဤနိုင်ငံသည် ကျွန်းနိုင်ငံဖြစ်သည့်အလျောက် ဟာရီကိန်းမုန်တိုင်းဒဏ်နှင့် ရေလွှမ်းမိုးမှုဒဏ်တို့ကို အများဆုံးခံရသည့် နိုင်ငံဖြစ်သည်။ တောတောင်ထူထပ်သည်။ ဒေသတွင်း အမြင့်ဆုံးကုန်မြင့်ဖြစ်သည့် ပီကိုဒွါတေ၊ မြေဩဇာအကောင်းဆုံးဒေသ စီဘောင်းလွင်ပြင်၊ ဒေသတွင်း အနိမ့်ဆုံးဒေသဖြစ်သည့် အင်ရီကွီလိုရေအိုင်တို့ကြောင့် ဤနိုင်ငံ၏ ပထဝီဝင်အခြေအနေက ထူးခြားပြီး ကမ္ဘာလှည့်ခရီးသည်များကို ဖမ်းစားထားနိုင်သည်။

ဤနိုင်ငံ၏ကူးသန်းရောင်းဝယ်ရေးကဏ္ဍကို လူဖြူလူမည်းသွေးနှောသူများက အဓိကဆောင်ရွက်သည်။ နိုင်ငံတွင်း ဆင်းရဲချမ်းသာကွာဟမှုက ကြီးမားသည်။ စပိန်အခြေချနေထိုင်သူများမှ ဆင်းသက်လာသူ လူဖြူများက မြေအများအပြား ပိုင်ဆိုင်ပြီး ချမ်းသာကြွယ်ဝသည်။ အာဖရိကနွယ်ဖွားများသာ ဆင်းရဲသည်။

ပြည်သူအများစုမှာ ဥရောပသွေးနှောသူများနှင့် အာဖရိကနွယ်ဖွားများဖြစ်သည်။ စန်တိုဒိုမင်ဂိုမြို့ရှိ ကိုလိုနီခေတ်အဆောက်အအုံများနှင့် အနုပညာ၊ စာပေတို့တွင် အနောက်တိုင်းဟန်ပန်က လွှမ်းမိုးထားသည်ကို တွေ့ရမည်ဖြစ်သော်လည်း အာဖရိကအမွေအနှစ်ကောင်းစွာထင်ဟပ်ပြသသည့်နယ်ပယ်မှာ ဂီတနယ်ပယ်ပင်ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင်နေရာချထားမည့် ဥတ္တရသီရိမြို့ကွက်နှင့် ဒက္ခိဏသီရိမြို့ကွက်အတွက် မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော် ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့အား အောက်ပါအချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) **မြေကွက်အရွယ်အစား။** ပေ ၁၂၀×၁၂၀ မြေကွက်၊ ပေ၁၀၀×၁၀၀မြေကွက်၊ ပေ ၈၀×၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်၊

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့်ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်၊

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံ အစရှိသည့် လူမှုရေး အဆောက်အအုံများအပြင် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ အင်းဝဘဏ်နှင့် ကမ္ဘောဇဘဏ်များ ဆောက်လုပ်ပေးပြီးဖြစ်သည်။

၂။ မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များအား လိုက်နာရမည်-

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် အောက်ဖော်ပြပါနှုန်းထားအတိုင်း ငွေပေးသွင်းရမည်။

(၁) အကျယ်ပေ ၁၂၀ × ၁၂၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၄၀၊

(၂) အကျယ်ပေ ၁၀၀ × ၁၀၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀၊

(၃) အကျယ်ပေ ၈၀ × ၈၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၀၊

(ခ) အမှန်တကယ်နေထိုင်ရန်လိုအပ်ပါက မြေကွက်နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာဖြစ်သဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုပါ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ်(သို့မဟုတ်) နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်။

(စ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်။ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသည့် အိမ်ပုံစံကို ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဆ) သတ်မှတ်မြေကွက်တစ်ကွက်တွင် အိမ်တစ်လုံးထက်ပို၍ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြုပါ။

(ဇ) နေရာချထားပေးပြီး အနည်းဆုံးသုံးလအတွင်း အဆောက်အအုံ စတင်ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့် လျော်ကြေးမှမပေးဘဲ မြေကွက်အား ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်း မပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည်ဆိုပါက သတ်မှတ် မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့်ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့် မပြုပါ။

၃။ မြို့ကွက်သစ်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင်ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ဖူးခဲ့သူသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူသော်လည်းကောင်း မဖြစ်စေရ။

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် ဖုန်းနံပါတ်-၀၆၇-၄၁၄၂၉၂၊ ၀၆၇-၄၁၄၆၆၇၊၀၆၇-၄၁၄၂၀၂၊၀၆၇-၄၁၄၂၀၄။

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကတ္တရာလမ်းပေါက်များ ဖာထေး

မြစ်ကြီးနား မေ ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းရပ်ကွက်၊ လမ်းများ သွားလာမှုချောမွေ့စေရန် လူ၊ ယာဉ်၊ စက်ယန္တရားများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်း ဦးဆောင်သောအဖွဲ့ဝန်ထမ်းများဖြင့် ရုံးကြီးလမ်း၊ ကမ်းနားလမ်း၊ နိုင်ငံ့ဂုဏ်ရည်လမ်း၊ ၃၇လမ်း သွားလာမှုချောမွေ့စေရန် ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှုကို မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်အိမ်ရာထူထောင်ရေး

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် သပြေကန်သစ်တောပျိုးဥယျာဉ်တွင် မေ ၁၀ရက်က ကျေးလက်အိမ်ရာထူထောင်ရေး၊ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် တစ်ရွာတစ်ဧကစိုက်ပျိုးရေး ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းဟောပြောစဉ်။ (သစ်တောဦးစီး)

ထန်းတပင်၌ ဖွံ့ဖြိုးဝေဆာ(၁) စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ထန်းတပင် မေ ၁၂

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် တလိုင်းအိုင်ကျေးရွာအုပ်စု တလိုင်းအိုင် ကျေးရွာဖွံ့ဖြိုးဝေဆာ(၁) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့်ကျေးရွာ နာယကဦးဖိုးတောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး(ယာပုံ) မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး ဦးစီးမှူးက ဂျာနယ်စာစောင် ၁၀၀ကို စာကြည့်တိုက်မှူး ဒေါ်ခင်စန္ဒာဌေးထံ ပေးအပ်သည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံကို ငွေကျပ်နှစ်သိန်းဖြင့် အကုန်အကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခေါင်ခမ်းကျေးရွာတံတား

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ခေါင်ခမ်းကျေးရွာ တံတားတည်ဆောက်ပြီးစီးမှုကို ဧပြီ ၂၁ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်နိုင်ညွန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးသရုပ်ပြလေ့ကျင့်

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မေ ၁ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှုသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းကို အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံ ဦးလှမြင့်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပန်းတောင်းမြို့နယ်စည်ပင် မြို့ရေပေးရေး ဆောင်ရွက်

ပန်းတောင်း မေ ၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေး(မြစ်ရေပေးရေး) လုပ်ငန်းမှ နွေရာသီသောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ဧပြီ ၁၃ ရက်က ဧရာဝတီမြစ်အတွင်း ရေစုကန်ကို စက်ယန္တရားများဖြင့် တူးဖော်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့်အဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် (ကောင်စစ်ဝန်)နှင့်အဖွဲ့ Mr. John William Yettaw အား ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုပြုလုပ်

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ အမေရိကန်သံရုံးမှ မေ ၁၁ရက် ရက်စွဲပါ သံတမန်စာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဌာနသို့ လိပ်မူ၍ မေ ၆ ရက်က ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ်လျှို့ဝှက်စွာ ဝင်ရောက်ခဲ့မှုကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ခေါ်ယူစစ်မေးခြင်းခံနေရသူ အမေရိကန်နိုင်ငံသား Mr. John William Yettaw အား ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ အခွင့်အရေးများအရ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်လိုကြောင်း မေတ္တာရပ်ခံခဲ့သည်။

ဆောင်ရွက်ပေးမည်

အမေရိကန်သံရုံး၏ မေတ္တာရပ်ခံပါစာကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ မေ ၁၂ ရက် ညပိုင်းတွင်မှ လက်ခံရရှိသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ကောင်စစ်ဆိုင်ရာ တွေ့ဆုံခွင့်ကို မေ ၁၃ ရက် ညနေ ၄ နာရီတွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမေရိကန်သံရုံးသို့ ပြန်ကြားခဲ့သည်။

တွေ့ဆုံမှု ပြုလုပ်ခဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြန်ကြားချက်အရ ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန်(ကောင်စစ်ဝန်) Mr. Colin P. Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် မေ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်သပြေရိပ်သာ၌ Mr. John William Yettaw အား ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ်လျှို့ဝှက်စွာ ဝင်ရောက်ခဲ့မှုကြောင့် ခေါ်ယူစစ်မေးခြင်းခံနေရသူ အမေရိကန်နိုင်ငံသား Mr. John William Yettaw အား ရန်ကုန်မြို့ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန်(ကောင်စစ်ဝန်) Mr. Colin P. Furst နှင့် အဖွဲ့ဝင်တစ်ဦးတို့က ရန်ကုန်မြို့ အောင်သပြေရိပ်သာ၌ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်စဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်စီမံကိန်းများနှင့် အနာဂတ်လျှပ်စစ်စွမ်းအား

၂၀၀၅ ခုနှစ် မတ် ၂၅ရက်တွင် ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း စက်တပ်ဆင်အား ၂၈၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ သန်း ထုတ်လုပ်ပေးလျက်ရှိသည့် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းဆောင်းပါး
သောင်းခင်ဦး

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို

ရန်ကုန် မတ် ၁၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် လင်းခေးမြို့နယ်အတွင်းရှိ ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ၂၀၀၉ ခုနှစ် မတ် ၂၁ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အား ၁၈ မဂ္ဂါဝပ်ရှိသောတာဘိုင်စက်သုံးလုံး၊ စုစုပေါင်း စက်တပ်ဆင်အား ၅၄ မဂ္ဂါဝပ် တပ်ဆင်လျက် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၃၇၇သန်း မောင်းနှင်ထုတ်လုပ်ပေးနိုင်ပြီး ယခုအခါ နိုင်ငံတော် ဓာတ်အားကွန်ရက်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ပို့လွှတ်လျက်ရှိပြီဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လင်းခေး၊ မိုင်းပန်၊ မိုးနဲ၊ မောက်မယ်၊ နမ့်စန်၊ လွိုင်လင်၊ လဲချား၊ မိုင်းပွန်၊ ဟိုပုံး စသော ဓာတ်အားလိုင်းချိတ်ဆက်

စာမျက်နှာ ၉ ကော်လံ ၁ ✻

14-5 (20).pmd 1 5/14/2009, 3:36 AM